

# ခေတ်ပြိုင်မြန်မာ့နိုင်ငံရေးနှင့် ကျောင်းသားလှုပ်ရှားမှုအဆင့်နေရာ

အောင်သာ(PPP)

# မြန်မာ့နိုင်ငံရေးနဲ့ ကျောင်းသားလှုပ်ရှားမှု

ခေတ်ပြိုင်မြန်မာ့သမိုင်းအကြောင်း ရေးကြ၊ ပြောကြမယ်ဆိုရင် မကျဉ်း မြောင်းဖို့ လိုပါတယ်။ objective ဖြစ်ဖို့ လိုပါတယ်။ ရည်ရွယ်ချက်ကောင်းမွန်မှန်ကန်ဖို့ အရေးကြီးပါတယ်။ မြန်မာ့လွတ်လပ်ရေးခေတ်အကြောင်း ပြောဆိုကြမယ်ဆိုရင် ဖဆပလ အဖွဲ့ချုပ်နဲ့ ဖဆပလအကြောင်းမပါရင် မပြီးပါဘူး။ ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ သူ့စစ်တပ် အကြောင်း မပါရင် မပြီးပါဘူး။ လူမျိုးစုဒီမိုကရေစီအဖွဲ့အစည်းများ နဲ့ သူတို့ ဆင်နွှဲနေတဲ့ အမျိုးသားတန်းတူရေးစစ်ပွဲ မပါရင် မပြီးပါဘူး။ အခုခေတ်နောက်ဆုံးပေါ် ၂၁ ရာစု ပင်လုံ မပါရင် မပြီးပါဘူး။

မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနဲ့ ပတ်သက်ရင် ဝံသာနုအရေးတော်ပုံနဲ့ ဂျီစီဘီအေ အဖွဲ့ချုပ်၊ ဆရာစံလယ်သမားသူပုန်ကြီး၊ သခင်လှုပ်ရှားမှုနဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံ၊ ဗကပ၊ ပြည်သူ့အရေးတော်ပုံပါတီ၊ ဖဆပလအဖွဲ့ချုပ် ဂျပန်တော်လှန်ရေး၊ စစ်ပြီးခေတ် လွတ်လပ်ရေးတိုက်ပွဲ၊ ဖဆပလအဖွဲ့ချုပ်က ဗကသကို ထုတ်ပယ်ခြင်း၊ ဖဆပလအဖွဲ့ချုပ် ကြားဖြတ်အစိုးရ လုပ်ကြံခံရခြင်း၊ ၂၈/ ၃/ ၄၀ မှာ သခင်နု ခေါင်းဆောင်တဲ့ အာဏာရ ဖဆပလအစိုးရက ဗကပကို ဥပဒေတွင်းက မောင်းထုတ်ခဲ့တယ်။ လူမျိုးစု ဒီမိုကရေစီ အင်အားစုများက အမျိုးသားတန်းတူရေး ကြွေးကြော်သံနဲ့ လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲခဲ့ကြတယ်။ ၆၂ ခုနှစ်၊ မတ်လ ၂ ရက်မှာ

စစ်တပ်က အာဏာသိမ်းခဲ့တယ်။ ပြည်တွင်းစစ်နဲ့ စစ်အာဏာရှင်စနစ်အကြောင်း မပါရင် ဒါဟာခေတ်သစ်မြန်မာ နိုင်ငံသမိုင်း (အတု) ပါပဲ။ ဒါက သမိုင်းကျောရိုးပါ။ ဒီကျောရိုးက သ မို င်း အ တွ င်း မှာ အလုပ်သမား၊ လယ်သမား၊ အမျိုးသမီးနဲ့ လူငယ်ကျောင်းသားများ ရဲ့ ပြည်တွင်းငြိမ်းချမ်း ရေး၊ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ဒီမိုကရေစီရေး၊ လှုပ်ရှားမှုများ ဟာ အဲဒီကာလ

များက ငြိမ်းမရတဲ့ မီးတောက်များ ဖြစ်ခဲ့တယ်။ ဒီလှုပ်ရှားမှုကြီးအတွင်း နိုးကြားတဲ့ ဒီမိုကရက်တစ် တက်ကြွလှုပ်ရှားသူ မျိုးဆက်တစ်ဆက် ဖြစ်ထွန်းလာခဲ့တယ်။ ဒီမျိုးဆက် ဟာ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး အမာခံလူထု ခေါင်းဆောင် မျိုးဆက်တစ်ဆက်အဖြစ် ထွက်လာခဲ့တယ်။ ဒီမျိုးဆက်ဟာ ဒီကနေ့အထိ မပြီးဆုံးသေးတဲ့ ဒီမိုကရေစီရေး၊ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ငြိမ်းချမ်းရေးလှုပ်ရှားမှု များ ပါဝင်လှုပ်ရှား နေကြဆဲ ဖြစ်ပါတယ်။

ကြံ့ဖွံ့စစ်အုပ်စုဟာ ၂၀၀၈ ခုနှစ်အာဏာလုံခြုံရေးခါးပတ် ပတ်၊ ၂၀၁၁ ရွေးကောက်ပွဲကျင်းပပြီး သူတို့ ဟာ ရွေးကောက်ပွဲနဲ့ တက်လာတဲ့ ဒီမိုကရေစီရေး လိုလားသူများ (ဂိုက်ဖမ်းထားပြီး) ၂၀၀၈ ဖွဲ့စည်းပုံကို အသက်သွင်းခဲ့တယ်။

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲမှာ ဒီချုပ်ဥက္ကဋ္ဌဟာ ၂၀၀၈ ဖွဲ့စည်းပုံကို ကာကွယ်ပါမည်လို့ ကျမ်းကျိန်ပြီးလွှတ်တော်တက်ခဲ့ရတာပါ။ ဒီအရွေ့က ဘာလဲ။ ကြံ့ဖွံ့စစ်အုပ်စုက စစ်အုပ်စုရဲ့ စစ်အာဏာဥစ္စာ လုံခြုံရေးကို ၂၀၀၈

ဖွဲ့ စ ည်း ပုံ နဲ့ ထုံး ၃ ချက်တားပြီးမှ ဒီချုပ်ဥက္ကဌကို လွှတ်တော်တက်စေခဲ့တာပါ။ ကြံ့ဖွတ်စစ်အုပ်စုက ၂၀၀၈ ဖွဲ့စည်းပုံ (အတုနဲ့ ရွေးကောက်ပွဲကျင်းပ) ဒီ/ချုပ် နိုင်၊ လွှတ်တော်တက်စေ ပြီး၊ ပါတီစုံဒီမိုကရေစီစနစ် နိုင်ငံတော်ကို ဒီပရိယာယ်နဲ့ ကျေညာမောင်းခတ်ခဲ့တယ်။ (ဒီအခင်းအကျင်း) ကို ဒီ/ချုပ်က လက်ခံတော့ လစ်ဘရယ်ကမ္ဘာကြီးကလဲ ဒေါ်စုသဘော ဖြစ်လာကြပြီး မြန်မာနိုင်ငံရေး တစ်ကွက်ရွှေ့ခဲ့တယ်။

၂၀၁၅ နိုဝင်ဘာရွေးကောက်ပွဲမှာ လူထု (၅၁) သန်းရဲ့ ပြတ်သားတဲ့ ထောက်ခံ ချက်နဲ့ ဒီ/ချုပ်အစိုးရ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ အာဏာလွှဲပြောင်းယူခဲ့တာ ၃ လရှိပါပြီ။ 'အာဏာလွှဲ ပဲ့မလား'ဆိုတဲ့ သံသယက တစ်ထစ်တော့ ကျသွားခဲ့ပြီ။ ဒီ/ ချုပ်ဥက္ကဌ သမ္မတတာဝန်ထမ်းခွင့်ရရေး မျှော်မှန်းချက်ကတော့ (ကကချုပ်ဟောင်း) ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးရဲ့ 'သုခမိန်'ဘွဲ့နဲ့ ပဲ ကျေနပ်လိုက်ကြရတော့တယ်။

ဗမာပြည်လွတ်လပ်ရေးရခဲ့တာ ၆၈ နှစ်ရှိပါပြီ။ ပြည်တွင်းစစ်ကလည်း ၆၈ နှစ် ရှိခဲ့ပါပြီ။ စစ်အာဏာရှင်စနစ်က ၆၂ မတ် ၂ ရက်နေ့မှာ စခဲ့ပေမယ့် ဒီကနေ့အထိ ဒီ/ ချုပ်ကိုအကြောင်းကြောင်းနဲ့ အာဏာလွှဲခဲ့ပြီဆိုပေမယ့် ၂၀၀၈ ဖွဲ့စည်းပုံက ခါးမိုးထား တာပါ။

စစ်အာဏာရှင်စနစ်ပြဿနာဟာ -

**၁။ အာဏာပြဿနာပါ**

**၂။ စည်းစိမ်ဥစ္စာဘဏ္ဍာငွေကြေးပြဿနာပါ။** အာဏာပြဿနာက ၂၀၀၈ ဖွဲ့စည်းပုံနဲ့ ဆိုင်ပါတယ်။ စည်းစိမ်ဥစ္စာဆိုတာကလည်း

အာဏာပြဿနာတစ်မျိုးပါပဲ။ 'Power and weaith' ဆိုတာဟာ တကယ်က တစ်ခုရှိရင်၊ တစ်ခုရှိတာမျိုးပါ။ ဗမာပြည်က သန်းကြွယ်သူဌေး ၄၂ ယောက်ဆိုတာဟာ တပ်မှူးစစ်ကဲကြီးများ ၊ သူတို့ ရဲ့ သားမြေးမြစ်များ နဲ့ သူတို့ ရဲ့ လူမှုအသိုက်အဝိုင်းပါပဲ။ ခရိုနီနဲ့ သူတို့ ရဲ့ အမြီးစား ဘက်၊ ခေါင်းစားဘက် လူမှုအသိုက်အဝိုင်းများ ပါပဲ။

အင်္ဂလိပ်နယ်ချဲ့သမားများက ဗမာပြည်ကို ကျွန်ပြုတဲ့ ၁၂၄ နှ စ် အ တွ င်း မှာ အင်္ဂလိပ်နယ်ချဲ့သမားများက ဘာတွေများ လုပ်ခဲ့ကြပါသလဲ . . . ။ မဟာဗျူဟာမြောက် အလုပ်ကြီး ၂ ခုလုပ်ပါသတဲ့ .။

၁။ မြန်မာနိုင်ငံကြီးကို ကုန်ကြမ်းမျိုးစုံ ထုတ်ပေးတဲ့ ပထဝီဒေသကြီးအဖြစ် ဖန်တီးခဲ့ပါတယ်တဲ့ ။

၂။ တကမ္ဘာလုံးက ထုတ်တဲ့ 'ကုန်ချောပစ္စည်းမျိုးစုံ'ကို ရောင်းချတဲ့ ဈေးကွက် ကြီးအဖြစ် ဖန်တီးပေးခဲ့ပါတယ်တဲ့ ။ ဒါက ပထမဗျူဟာပါ။ စီးပွားရေးပေါ့။ ဒုတိယ ဗျူဟာက ဗြိတိသျှစီးပွားရေးလုပ်ငန်းကြီးများ နဲ့ ပတ်သက်တဲ့ ရောင်းဝယ်ဖောက်ကားမှု အလုပ်များ ၊ အုပ်ချုပ်ရေးလုပ်ငန်းများကို စီမံခန့်ခွဲနိုင်သူများ မွေးထုတ်ပေးရေးအလုပ်ကို အထူးသဖြင့် ဗြိတိသျှနိုင်ငံရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ အတွက် ဝန်ထမ်းအဖြစ် အသုံးချဖို့ ပညာတတ် ဗျူရိုကရက်ဝန်ထမ်းများ မွေးထုတ်တဲ့ မဟာဗျူဟာအလုပ်ပါပဲ။ ကိုယ်ပိုင် အုပ်ချုပ်ရေး Home Role တောင်းတဲ့ မြန်မာမျိုးချစ်များ ရဲ့ တောင်းဆိုမှုကို လိုက်လျောခြင်း၊ ဆန့်ကျင်ခြင်း၊ အကောင်အထည်ဖော်ခြင်း စတဲ့ ဘက်များမှာ သုံးဖို့ ဗျူရိုကရက်အရာရှိ အမျိုးမျိုး ပြုစုပျိုးထောင်တဲ့ အလုပ်ဖြစ်ပါတယ်။ အတိအကျပြောရရင်

Comprador Bourgeoisie လို့ ခေါ်တဲ့ နယ်ချဲ့လက်ဝေခံ အရင်းရှင်လူတန်းစားများ မွေးမြူတဲ့ အလုပ် ပါပဲ။

မြန်မာမျိုးချစ်များ ဟာ Home Rule ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဖို့ ဂျီစီဘီအေ အဖွဲ့ချုပ်ရဲ့ ခေါင်းဆောင်မှုနဲ့ ဝံသာနုအရေးတော်ပုံကြီး ဆင်နွှဲခဲ့ပါတယ်။ အင်္ဂလိပ်က Home Rule ရရေး မြန်မာ့ကြိုးပမ်းမှုကို ၁၉၂၃ ဒိုင်အာခီအုပ်ချုပ်ရေးနဲ့ ထိုးခွဲခဲ့တယ်။ 'တူ-သာ-သင်း' ၂၁ ဦး ဂိုဏ်းသားများ အင်္ဂလိပ်နောက် လိုက်သွားခဲ့တဲ့ အတွက် မြန်မာတို့ ဘက်မှာ ဂျီစီဘီအေ ၄ ဂိုဏ်း၊ သံဃသမဂ္ဂ ၄ ဂိုဏ်း ကွဲသွားခဲ့တယ်။ ၁၉၂၀ ပြည့်မှာ ကျင်းပတဲ့ အဌမအကြိမ်မြောက် ဂျီစီဘီအေညီလာခံကြီးဟာ ဘာသာရေး၊ သာသနာရေးမှ နိုင်ငံရေးရည်ရွယ်ချက်များ သို့ ရှေးရှုလာခဲ့တယ်။

ဘုရင်ခံ ဆာရီဂျင်နက်ခရက်ဒေါက်က ၁၉၂၀၊ ဒီဇင်ဘာ ၁ ရက် နေ့ မှာ ရန်ကုန်ကောလိပ်ကို တက္ကသိုလ်အဖြစ် အဆင့်မြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်းကြေညာ လိုက်တယ်။ ကျောင်းသားကြီးများ ဟာ ဒီဇင်ဘာလ ၃ ရက်နေ့မှာ ရွှေတိဂုံစေတီတော် အနောက်တောင်ထောင့် ဗောဓိပင်ရှေ့မှာ ၈ နာရီကြာ ညှိနှိုင်းကြပြီး ၁၉၂၀ ယူနီဗာစတီ အက်ဥပဒေ ကို သပိတ်မှောက်ဖို့ ဆုံးဖြတ်ကြတယ်။ ရန်ကုန်နဲ့ ယုဒသန်ကျောင်းသား ၄၀၀ ကျော်ကလည်း ဒီဇင်ဘာ ၄ ရက်နေ့ ညနေမှာ ဗဟန်း ဦးအရိယကျောင်းမှာ တွေ့ဆုံကြပြီး ၁၉၂၀ ယူနီဗာစတီ အက်ဥပဒေကို သပိတ်မှောက်ဖို့ ဆုံးဖြတ်လိုက်ကြ ပါတယ်။ %၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၅ ရက် (မြန်မာ ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်း လဆုတ် ၁၀ ရက်နေ့မှာ ယူနီဗာစတီ အက်ဥပဒေကိုသပိတ်မှောက်ဖို့ ဆုံးဖြတ်လိုက် ကြတယ်။ ဒီသတင်းဟာ ဗမာတစ်ပြည်လုံး ပျံ့နှံ့သွားတယ်။ အထက်တန်းကျောင်းများ ကပါ

လိုက်ပါသပိတ်မှောက်ကြတယ်။ သပိတ်ကိုစတင်ဦးဆောင်တဲ့ ကျောင်းသား ၁၁ ဦးက 'သပိတ်စောင့်ရှောက် ရေးကော်မတီ' ဖွဲ့ပြီး သေအတူ၊ ရှင်အမျှ ရပ်တည်ကြဖို့ အဓိဋ္ဌါန်ပြုကြတယ်။

အမတေသပိတ်ကော်မတီဟာ ဒီဇင်ဘာ ၅ ရက်နေ့မှာ ကောလိပ်ကျောင်း သားကြီးများ အစည်းအဝေးမှ သပိတ်မှောက်ရန် ဆုံးဖြတ်ပြီး ၁၅ ဦးပါ သပိတ်ခေါင်း ဆောင်အဖွဲ့ ဖွဲ့ခဲ့ကြတယ်။ အဲဒီကနေ ၂၆ ဦးပါ 'ယူနီဗာစတီသပိတ်မှောက်ကောင်စီ'ကို ဖွဲ့စည်းခဲ့ကြပါတယ်။

သမိုင်းဖြစ်စဉ်အရပြောရပါလျှင် ဒီ ၂၆ ဦးပါ 'သပိတ်မှောက်ကောင်စီ'ဟာ ခေတ်သစ်မြန်မာ့သမိုင်းမှာ ပထမဆုံး စုဖွဲ့ထူထောင်ခဲ့တဲ့ သမဂ္ဂကြီး Mother Union 'သမဂ္ဂမိခင်ကြီး'အဖြစ် သမိုင်းမှတ်တမ်းတင်ထိုက်ပါတယ်။

၁၉၂၀ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်ရက်နေ့မှာ ဂျီစီဘီအေအသင်းချုပ်ကြီးရဲ့ အစည်းအဝေးက မြန်မာနိုင်ငံတွင် မြန်မာအမျိုးသားများက ဦးစီးတဲ့ အသင်းအသီးသီးရှိတဲ့ အမျိုးသားကျောင်းများ ထူထောင်ရန် အနယ်နယ်သို့ အကြောင်းကြား လှုံ့ဆော်ခဲ့ကြ တယ်။ 'အမျိုးသားကျောင်း ထူထောင် ရေးလှုပ်ရှားမှုကြီး'ဟာ အဲဒီကာလမှာ ရှိကြတဲ့ မြန်မာမျိုးဆက်ကြီးများ senior generations ရဲ့ နက်ရှိုင်းတဲ့ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်ကို ထင်ဟပ်နေခဲ့တာပါ။ ဒီလှုံ့ဆော်မှုနဲ့ အတူ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဒီးဒုတ်ဦးဘချိုနဲ့ အိန္ဒိယအမျိုးသား ကျောင်းဆရာများ ပါဝင်တဲ့ 'အမျိုးသားကောလိပ် ကျောင်းများကို ၁၉၂၀ ဇွန်လမှာ စတင်ဖွင့်လှစ်ခဲ့ကြပါတယ်'တဲ့ ။ အမျိုးသားပညာသင် ကြားရေး၊

အမျိုးသားကျောင်း ထူထောင်ရေး လှုပ်ရှားမှုများ ဟာ မြန်မာတို့ ရဲ့ နက်ရှိုင်းတဲ့ မျိုးချစ်စိတ်နဲ့ နယ်ချဲ့ဆန့်ကျင်ရေး ဖွဲ့မာန်ကို ထင်ဟပ်တယ်။ ၃ နှစ်မျှကြာတဲ့ အခါ ဘဏ္ဍာရေးအခက်အခဲများကြောင့် ၁၉၂၃/ ၂၄ ခုနှစ်များ အတွင်း 'အမျိုးသားကျောင်း လှုပ်ရှားမှုကြီး ရပ်သွားခဲ့ရပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှို င်းက အမျိုးသားကျောင်း ထူထောင်ရေး လှုပ်ရှားမှုများကို 'ဘွိုင်းကောက်ဋီကာကြီး'နဲ့ မှတ်တမ်းတင်ခဲ့ရှာပါတယ်။

၁၉၀၆ မှ ၁၉၄၀/ ၄၂ နှစ်ကြာလွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းမှာ ဝံသာနု အရေးတော်ပုံသမိုင်းနဲ့ ၁၉၂၀ ရန်ကုန်တက္ကသိုလ် သပိတ်ကြီးဟာ နေမဝင်အင်ပါယာ ကို ပထမဆုံး အန်တုခဲ့တဲ့ 'အန်တုမှုကြီး'ဖြစ်ပါတယ်။ ဒုတိယအန်တုမှုကတော့ 'သခင်မျိုးဟော့ ဒို့ဗမာ'လို့ ကြွေးကြော်ထူထောင်ခဲ့တဲ့ ဒို့ဗမာအစည်းအရုံးကြီးနဲ့ သခင်လှုပ် ရှားမှုကြီး ဖြစ်ပါတယ်။

'ဒို့ဟာသခင်တွေဟေ့၊ ကျွန်တွေ မဟုတ်ဘူး 'လို့ ကြွေးကြော်လိုက်တဲ့ 'ဒို့ဗမာ အစည်းအရုံးကြီး'ကို ၁၉၃၀ ခုနှစ်၊ မေ ၃၀ ရက်မှာ ထူထောင်လိုက်ကြပါတယ်။ 'သခင်အစ ဘသောင်းက'လို့ မှတ်တမ်းတင်ကြတယ်။ 'သခင်အဖွဲ့ကြီးဟာ' 'ဒို့ဗမာ ကြေညာစာတမ်း'နဲ့ 'ဒို့ဗမာသီချင်းကြီး'ကို ရေးစပ်သီဆို ဓါတ်ပြားသွင်းကြပြီး ၂၀/ ၇/ ၁၉၃၀ ရက်နေ့မှာ ရွှေတိဂုံအနောက်မြောက် ဦးစံထွန်းတန်ဆောင်းသစ်ကြီးမှာ အခမ်းအနားနဲ့ သီဆိုတင်ဆက်ခဲ့ကြတယ်။ ဒို့ဗမာသီချင်းဟာ အဲဒီကာလရဲ့ မြန်မာ့နိုင်ငံ ရေး ကြွေးကြော်သံဖြစ်လာတယ်။ ဒို့ဗမာသီချင်းကို ဂီတစာဆို YMB ဆရာတင်က ရေးစပ်သီဆို တင်ဆက်ခဲ့တာဖြစ်ပါတယ်။ ဒို့ဗမာသီချင်းဟာ ဒို့ဗမာသခင်များ နဲ့

ဒို့ဗမာ အစည်းအရုံးကြီးရဲ့ နိုင်ငံရေး၊ စည်းရုံးရေး လက်နက်ကောင်းကြီးတစ်ခု ဖြစ်ပါတယ်။

ဒို့ဗမာအစည်းအရုံးကြီး ဖွဲ့စည်းပြီး ၇ လအကြာ ၂၂/ ၁၂/ ၃၀ မှာ ဆရာစံတောင်သူလယ်သမားသူပုန်ကြီး ပေါ်ပေါက်လာပါတယ်။ ဗမာဆင်းရဲသားလူထု ကြီးဟာ ရွေးစရာ ဘာမှ မရှိတော့လို့ သူပုန်ထတာပါပဲ။ ဆရာစံဟာ သာယာဝတီနယ် အလံတောင်မှာ စခန်းချပြီး၊ 'သုဝဏ္ဏကဂဠုန်ရာဇာ'ဘွဲ့ခံပြီး အလံတောင်မှာ စခန်းချ ပါတယ်။ ဆရာစံနဲ့ အင်္ဂလိပ်နယ်ချဲ့ဖြစ်တဲ့ စစ်ပွဲဟာ တကယ်က အချိုးမညီတဲ့ စစ်ပွဲ (assymmetric war) ပါ။ အင်္ဂလိပ်ဟာ ဆရာစံသူပုန်ကို ၂ နှစ်ကျော်ကျော် နှိမ်နင်းရပါတယ်။ တပ်မလုံလောက်လို့ အိန္ဒိယမှ တပ်မကြီး ၂ တပ် အကူခေါ်ရ ပါတယ်။ ဆရာစံကို ၂/ ၈/ ၃၁ နှစ်မှာ ဖမ်းပြီး ရုံးတင်အမှုစစ်ပြီး သေဒဏ်ချခဲ့တယ်။ ၂၈/ ၁၁/ ၃၁ မှာ သာယာဝတီထောင်မှာ ကြိုးပေးခဲ့ပါတယ်။ ဆရာစံတောင်သူ လယ်သမား အရေးတော်ပုံကြီးအတွင်းမှာ ကြိုးဒဏ် ၃၀၂၊ ကျွန်းဒဏ် ၈၈၀ အချခံ ရပါတယ်။ အင်္ဂလိပ်ဘက်က ၇၈ ယောက်ကျပြီး ၉၆ ယောက် ဒဏ်ရာရခဲ့တယ်။ ဗြိတိသျှသမိုင်းဆရာတစ်ဦးက ဒါဟာ စစ်ပွဲ မဟုတ်ဘူး လို့ မှတ်ချက်ပေးခဲ့တယ်ဆိုပါတယ်။

ဒုတိယအကြိမ် ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်

၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလမှာ တကသဥက္ကဋ္ဌကိုနုကို တက္ကသိုလ် အာဏာ ပိုင်များက ကျောင်းမှ ထုတ်ပယ်လိုက်ပါတယ်။ အကြောင်းပြချက်က ကိုနုဟာ သမဂ္ဂ အစည်းအဝေးတစ်ခုမှာ ကျောင်းအုပ်ချုပ်သူများ ရဲ့ အပြစ်များကို ရှုပ်ချပြောဆိုတာ ကြောင့် လို့

အကြောင်းပြုပါတယ်။ ဒီလိုအခြေအနေမှာ (တကသ)မှ ထုတ်ဝေတဲ့ 'အိုးဝေမဂ္ဂဇင်း'အယ်ဒီတာ ကိုအောင်ဆန်းကို 'c ရဲ ခွေး ကြီး လွှ တ် နေ ပြီ 'ဆို တဲ့ ဆောင်းပါးကို 'အိုးဝေမဂ္ဂဇင်း'မှာ ထည့်သွင်းဖော်ပြခဲ့တာကြောင့် ရေးသူကို ဖော်ထုတ်မပေးရင် ကျောင်းက ထုတ်မယ်လို့ ကျောင်းအာဏာပိုင်များက ခြိမ်းခြောက်လာပြန်ပါတယ်။ ဒီအပြုအမူ၊ အပြောအဆိုများ ဟာ တက္ကသိုလ်ကြီးတစ်ခုလုံးကို ထိုးဆွလှုံ့ဆော်သလို ဖြစ်နေပြန်တာကြောင့် ၁၅/ ၂/ ၃၆ ရက်နေ့မှာ ကျောင်းသား ၇၀၀ ကျော် ချက်ချင်းစည်းရုံးကြပြီး သပိတ်မှောက်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။

ဒုတိယအကြိမ် ကျောင်းသားသပိတ်ကြီး ဘာကြောင့် အဟုန်ပြင်းစွာ ပေါ်ပေါက်ခဲ့ရတာလဲ။ ။

အကြောင်းရင်းခံကြီးများမှာ

၁။ ၁၉၂၀ သပိတ်ကြီးရဲ့ တောင်းဆို ချက်များကို မလိုက်လျောခြင်း၊

၂။ ၁၉၃၁ ခုနှစ် ကမ္ဘာ့စီးပွားပျက်ကပ်နဲ့ အတူ ဗမာပြည်တွင် စီးပွားပျက်ကပ်ကျရောက်နေချိန်က ကျောင်းသားများက ကျောင်းလခနဲ့ အခြားကုန် ကျစရိတ်များ လျှော့ပေါ့ပေးရန် တောင်းဆိုချက်ကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့က လစ်လျူရှုခဲ့ခြင်း ၁၉၃၄/ ၃၅ ခုနှစ်မှာ ကျောင်းစရိတ်လျှော့ပေးဖို့ ထပ်မံတောင်းဆို မှုကို ကျောင်းအာဏာပိုင်များက လစ်လျူရှုခဲ့ခြင်း တို့ ကြောင့် ဖြစ်တယ်။

ကျောင်းသားများ ဟာ ရွှေတိဂုံဘုရားကုန်းတော် ဇရပ်မှာ စုဖွဲ့ကြတယ်။ 'ဒို့ဗမာအစည်းအရုံး ဌာနချုပ်'နဲ့ 'ကျောင်းသားသပိတ်စောင့်ရှောက်ရေးကော်မတီ'တို့ ကို သခင်လေးမောင်က ခေါင်းဆောင်ပြီး စောင့်ရှောက်ပေးခဲ့တယ်။

အစိုးရက သပိတ်ကို ဖြိုခွဲဖို့ နည်းလမ်းစုံ သုံးတယ်။ ကျောင်းသားများက ရန်ကုန်နဲ့ (နယ်)မှ အထက်တန်း ကျောင်းသားသပိတ်များ နဲ့ အားဖြည့်ခဲ့ကြတယ်။ တစ်နိုင်ငံလုံးမှ အထက်တန်းကျောင်း ပေါင်း ၄၅ ကျောင်းမှ အထောက်အကူပြုခဲ့ကြတယ်။

ကျောင်းသားများက တောင်းဆိုချက် (၁၀) ချက်မရရင် 'သပိတ်မလှန်ဘူး' လို့ တင်းခံကြတယ်။ အချိန်ရှည်ကြာခြင်း၊ ရေရှည်နဲ့ လက်ငင်းဖြေရှင်းရမယ့် ပြဿနာ များ ရောထွေးနေခြင်း၊ လူထုက ပါဝင်ပူးပေါင်းဆောင်ရွက်ဖို့ ခက်ခဲခြင်း၊ ပညာရေးတောင်း ဆိုချက်များ နဲ့ နိုင်ငံရေး ( လွတ်လပ်မှု) တောင်းဆိုချက်များ ရှုပ်ထွေးနေခြင်းတို့ကြောင့် ဒုတိယကျောင်းသားသပိတ်ကြီးဟာ 'ဗမာတစ်နိုင် ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ' (A.B.S.U - All Burma Students' Union) ကို ဖွဲ့စည်းနိုင်ခဲ့တယ်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၅၁ ခုနှစ် ဩဂုတ်လ ၁၅ ရ က် နေ့ မှာ လွတ်လပ်ရေးခေတ်ဦး ကျောင်းသားခေါင်းဆောင် မျိုးဆက်ကြီးများက 'ဗမာတစ်နိုင် ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ' (A.B.S.U) ကို ဗကသများ အဖွဲ့ချုပ် (A.B.F.S.U The All Burma Federation of students' Union) (လိုအပ်ချက်အရ)၊ 'ရန်ကုန်ခရိုင် ကျောင်းသားများ သမဂ္ဂကို ဖွဲ့စည်းခဲ့ကြတယ်။ (ဒီကနေ့ဆိုရင် ရန်ကုန်ဟာ ခရိုင်တစ်ခု မဟုတ်တော့ပါဘူး။ ဖွဲ့စည်းပုံအရ Rgn တိုင်းမြို့တော် ဖြစ်သွားပြီ။ ကျောင်းသားသမဂ္ဂ ဆိုတာကို တစ်စုတစ်ဖွဲ့က စိတ်ရူးပေါက်တိုင်း ဟိုဖြုတ်၊ဒီတက် လုပ်တာမျိုး မသင့်တော် ပါဘူး။ 'အာဏာပိုင်'ဆိုတဲ့ သူတွေက 'ငါ့အာဏာရှိတာပဲ' ဆိုပြီး တပည့်မွေး၊ ဆရာမွေးတဲ့ စုဖွဲ့မှုမျိုး ပိုပြီး မလုပ်သင့်ပါ။)

၁၉၄၈ ကစပြီး ဒီကနေ့အထိ ဗမာပြည်မှာ ဘယ်တုန်းကမှ အစိုးရ တစ်ရပ်ရပ်၊ အာဏာရပါတီတစ်ခုခုရဲ့ 'လက်ကိုင်တုတ်ကျောင်းသားသမဂ္ဂဆိုတာမျိုး (၁၉၆၂- ၁၉၈၈) အ တွ င်း မှာ တောင် အစိုးရလက်ပါးစေ ကျောင်းသားသမဂ္ဂမျိုး မပေါ်ပေါက်ခဲ့ပါဘူး။ ဦးကျော်ငြိမ်း/ ဒုဝန်ကြီးချုပ် ကိုယ်တိုင် ကိုင်တဲ့ The Democratic Students ' Organization (DSO) လို့ ခေါ်တဲ့ (ဖဆပလအစိုးရခေတ်) ကျောင်းသားအဖွဲ့အစည်း တစ်မျိုး ပေါ်ခဲ့ဖူးပါတယ်။ ၁၉၅၃ အောက်တိုဘာ ကျော င်း သား အ ရေး တော် ပုံ ကာ လ မှာ ပေါ်ခဲ့ဖူးပါတယ်။ ခဏပါပဲ။ ကိုယ့်အကြောင်းကိုယ်သိပြီး ဆုတ်သွားပါတယ်။

တစ်ခါ ၁၉၅၉/ ၆၀ မှာ ဖဆပလ ပြည်ထဲရေးဝန်ကြီးကိုယ်တိုင် စီမံခဲ့တဲ့ ရဲခေါင်ကျောင်းသားအဖွဲ့၊ မယ်ဗမာမစိန်အေး (မယ်စကြာဝဠာ၊ စတုတ္ထ) ကိုယ်တိုင် ပါပါတယ်။ ကျောင်းသားတွေက ဖွန်မကြောင်ပါဘူး။ မယ်ဗမာခများ ရှုံးလို့ ငိုပါသတဲ့ ။ ၁၉၆၀ သခင်နု ရဲ့ ပြည်ထောင်စုပါတီ ရွေးကောက်ပွဲ နိုင်ကောင်းတုန်းကာလမှာ သမဂ္ဂနဲ့ ပထစအစိုးရ ပြဿနာတစ်ခုဖြစ်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ ဖြစ်တဲ့ ယူ နီ ဗာ စီ တီ ကော င် စီ မှာ ကျောင်းသားကိုယ်စားလှယ် ၂ ဦးကို ရွေးကောက်ပွဲနဲ့ ရွေးရမှာ ပါ။ ဘယ်သူမှ ဝင်မပြိုင်ကြပါဘူးတဲ့ ။ ဒါပေမယ့် ၁၉၆၀ ဖေဖော်ဝါရီရွေးကောက်ပွဲ မှာ သခင်နုရဲ့ (ပထစ)ပြည်ထောင်စုပါတီဟာ ရှိရှိသမျှ ရွေးကောက်ပွဲတိုင်းမှာ အနိုင်ကြီး နိုင်နေပါတယ်။

ဒီ အ ခြေ အ နေ ပေါ် မှာ ပြည်ထောင်စုပါတီဟာ အကြီးအကျယ် မာနတက်နေပုံ ရပါတယ်။ ရန်ကုန်တက္ကသိုလ်ကောင်စီ လူကြီး (၂) နေရာကိုလည်း ( ပထစ ) ကဝင်ပြိုင်မယ် လို့ ပြောလာပါတယ်။ တကာသ

E.C များက ပထစပါတီ အတွင်းရေးမှူး I.C.S ဦးချမ်းသာနဲ့ သွားတွေ့ပြီး 'ဘဘတို့ မပြိုင်ကြစေချင်ပါဘူး'လို့ သွားပြီး မေတ္တာရပ် ခံပါတယ်။

''ဒါပေါ်လစီပဲ၊ ပြိုင်ရမယ်၊ ဘာလဲ- မင်းတို့ တကသ ရှုံးမှာ ကြောက်လို့ လာ''တဲ့ ။

'' မဟုတ်ဘူး ၊ ပထစပါတီ တက်နေတဲ့ ဩဇာ တက္ကသိုလ်မှာ မကျစေချင် လို့ ပါ၊ ဘဘနုကို ကျနော်တို့ က မိတ်ဆွေအဖြစ် သဘောထား ထောက်ခံနေတာပါ။ မိတ်ဆွေဝတ္တရား မပျက်ချင်လို့ ပါ''လို့ ပြောတော့-

''ဒို့က ပြိုင်ဖို့ ဆုံးဖြတ်ပြီးပြီ''လို့ ပြောပါတယ်။

''ဒါဆိုလည်း ကျနော်တို့ ပြိုင်ကြတာ''ပေ့ါလို့ ပြောပြီးပြန်လာခဲ့ပါတယ်။ ရွေးကောက်ပွဲမှာ ပထစကိုယ်စားလှယ်ဟာ တကသကိုယ်စားလှယ် ဒေါက်တာ မောင်မောင်ကျော်နဲ့ မစ္စတာတီ-ပီဝေါင်းတို့ ကို မဲ ၂၀၀၀ လောက်ပြတ်ပြီး အနိုင်ရခဲ့ ပါတယ်။

၁၉၅၃ အောက်တိုဘာ ကျောင်းသားအရေးတော်ပုံအတွင်းမှာ ပြည်ထဲရေး ဝန်ကြီး ဦးကျော်ငြိမ်းကိုယ်တိုင် D.S.O The Democratic Students Organization ကိုင်ပြီး အဲဒီစဉ်က ကျောင်းသားများ ဘက်မှ 'တိုးတက်သော ကျောင်းသား များ အင်အားစု'ကို ဖယ်ရှားဖို့ ကြိုးစားခဲ့တာပါ။ ၁၉၅၉/ ၆၀ ခုနှစ်မှာ တော့ ကျောင်းသား ညီညွတ်ရေးတပ်ဦး The Students' United (SUF)၊ ရဲခေါင်ကျောင်းသားများ အင်အားစု ပြိုင်ကြရပါတယ်။ ရဲခေါင်ကျောင်းသားများ အင်အားစု ဆိုတာဟာ အဲဒီစဉ်က 'လကျာ် ဆိုရှယ်လစ်'အမည်ခံထားတယ်။

စစ်မှန်တဲ့ ကျောင်းသားကိုယ်စားလှယ်ဆိုတာ ဘယ်အာဏာရအဖွဲ့-

ဖဆပလ၊ မဆလ၊ ပထစ ရဲ့ လက်ကတိုးတောင်ဝှေး မဖြစ်ခဲ့ကြပါဘူး။ ကျောင်းသား များ ၊ ကျောင်းသားခေါင်းဆောင်များ ဟာ ဘယ်အာဏာရအင်အားစုရဲ့ လက်ကတုံ တောင်ဝှေးမှ မဖြစ်စေရဘူး။ အမျိုးသားနိုင်ငံရေးလမ်းကြောင်းဟာ ကျောင်းသားသမဂ္ဂရဲ့ 'နိုင်ငံရေးလမ်းကြောင်းပါပဲ '။

သမိုင်းဝင် ၁၉၅၃ မှာ '' DSO '' နဲ့ တိုးတက်သော ကျောင်းသားများ အင် အားစုတို့ ရွေးကောက်ပွဲမှာ ပြိုင်ကြရပါတယ်။ ၁၉၅၉/၆၀ မှာ ရဲခေါင်ကျောင်းသားများ အင်အားစုနဲ့ ကျောင်းသားညီညွတ်ရေးတပ်ဦး တို့ ရွေးကောက်ပွဲမှာ ပြိုင်ကြရပါတယ်။ 'တပ်ဦး' နိုင်ပါတယ်။ ၁၉၆၀ ယူနီဗာစီတီကောင်စီ လူကြီး ရွေးကောက်ပွဲမှာ သခင်နုရဲ့ (ပထစ) ပါတီနဲ့ ကျောင်းသားများ (ဗကသ၊ တကသ၊ တပ်ဦး) ပြိုင်ကြရပါတယ်။ '' ပထစ '' အာဏာရပါတီ ရှုံးပါတယ်။ ကျောင်းသားများ ၊ ကျောင်းသားသမဂ္ဂများ ဟာ ၁၉၂၀ ယူနီဗာစီတီဥပဒေဖျက်သိမ်းတိုက်ပွဲကစပြီး ၁၉၆၂ ခုနှစ်၊ ဇူလိုင် ၇ ရက်အရေးတော် ပုံကြီးအထိ ကမောက်ကမ ပညာရေးစနစ် ဖျက်သိမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေးတို့ အတွက် တလျှောက်လုံးတိုက်ပွဲ ဝင်ခဲ့ကြပါတယ်။

၁၃၀၀ ပြည့် အရေးတော်ပုံကြီးနဲ့ တတိယကျောင်းသားသပိတ်

၂၆၊ ၁၁၊ ၃၀ ရက်နေ့ ချောက်အလုပ်သမား အစည်းအဝေးနဲ့ နိဝင်ဘာ ၂၇ ရက် ရေနံချောင်း၊ ဘလဲဘကျောင်းတိုက် အလုပ်သမားအစည်းအဝေးမှ မိုင် ၄၀၀ ကျော်ဝေးတဲ့ ရန်ကုန်သို့ ချီတက်ဆန္ဒပြကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ချောက် ရေနံမြေ

သပိတ်တပ်ဖွဲ့ကြီးဟာ ၁၉၃၈၊ နိုဝင်ဘာ ၃၀ ရက်နေ့၊ မနက် ၅ နာရီမှာ ချောက်မြို့မှ စတင်ထွက်ခွာ ချီတက်ခဲ့ကြတယ်။ ချောက်၊ လမ်းရွာ၊ ရေနံချပ်မှ အလုပ်သမား ၁၀၀၀ ခန့် ပါဝင်ခဲ့ကြပါတယ်။ တစ်နေ့ကို ၁၅ မိုင်ကျော် လျှောက်ခဲ့ ကြတယ်ဆိုပါတယ်။ ရှေ့ဆုံးနဲ့ နောက်ဆုံးမှာ သုံးရောင်ခြယ် ဒို့ဗမာအလံကြီးကို လွှင့်ထူပြီး တပ်ဖွဲ့အလိုက် အလံများကိုလည်း တပ်မှူးများက ကိုင်ဆောင်ချီတက်ခဲ့ကြ တယ်။ မကွေးမြို့ကို (၁၊ ၁၂၊ ၃၀) နေ့မှ ရောက်ခဲ့ကြပြီး ရာဇဝတ်တရားသူကြီး ဦးဖိုးစ ခေါင်းဆောင်တဲ့ ပုလိပ်တပ်များက မကွေးမြို့မှာ 'ရှေ့မတက်ဖို့ ' အကြီးအကျယ် နှိပ်ကွပ်ဟန့်တားခဲ့ပါတယ်။ (၄၊ ၁၂၊ ၃၀) ရက်နေ့မှာ တပ်ဗိုလ် ၁၀ ဦးကို လူဆိုးပုဒ်မ ၁၀၇ နဲ့ ဖမ်းပါတယ်။ ဒို့ဗမာအစည်းအရုံးဌာနချုပ်က တပ်ဗိုလ်များ ခေါ်ယူပြီး ဆန္ဒပြ တပ်ကို ကူညီခဲ့ကြပါတယ်။

(၆၊ ၈၊ ၁၂၊ ၃၀) မှာ သခင်ထွန်းခင်၊ သခင်ဖေသန်း၊ သခင်စိုး၊ သခင်ထိန်ဝင်း၊ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းနဲ့ ကိုဗဆွေတို့ မကွေးကို ရောက်လာကြပါတယ်။ 'တပ်ဗိုလ်' တောင်းရာမှာ အမျိုးသမီးများ ပင် အသေခံစာရင်းပေးကြပါတယ်။ ဗိုလ် ၄၂ ယောက် စာရင်းပေးပါတယ်။ 'မကွေးအတားအဆီးကို' ဖောက်ထွက်ချိန်မှာ လူထုနဲ့ ကျောင်းသား၊ အင်အား ၂၀၀၀/ ၃၀၀၀ ခန့်က မကွေးထောင်ကို ဝိုင်းထား ကြတယ်။

မကွေး မှာ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းနဲ့ ကိုဗဆွေတို့ ကို ဖမ်းဆီး လိုက်ပြီ ဆိုတဲ့ သီတင်းကို ကြားသိရတဲ့ အခါ ကျောင်းသားထုတစ်ရပ်လုံး ယမ်းပုံမီးကျ ဒေါသအကြီးအကျယ် ထွက်သွားကြပါတယ်။ ဒါ့ကြောင့် (၁၃၊ ၁၂၊ ၃၀) ည ၇ နာရီမှာ ရန်ကုန်တက္ကသိုလ် ကျောင်းသားများ ရဲ့ ကျောင်းသားထု

အစည်းအဝေးကြီးကို တကသ အဆောက်အဦမှာ ကျင်းပခဲ့ကြပါတယ်။ တကသ ဒုတိယဥက္ကဋ္ဌ ကိုလှရွှေ (အာဏာရှင်လှရွှေ) က သဘာပတိ၊ ကိုအေးကျော်က အကျိုးဆောင် (အခမ်းအနားမှူး) အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ဒီအစည်းအဝေးကို သခင်နု၊ တက်ဘုန်းကြီးသိန်းဖေ (ဦးသိန်းဖေမြင့်)နဲ့ နိုးကြားတဲ့ သံဃာတော်များ ၊ မျိုးချစ်ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြတယ်။ အစည်းအဝေးမှာ ကျောင်းသားများအား တက်ဘုန်းကြီး ဦးသိန်းဖေ ( ဦးသိန်းဖေမြင့်) နဲ့ ဝတ်လုံတော်ရ ဦးကျော်မြင့်တို့ က တစ်နိုင်ငံလုံးရှိ အလုပ်သမားများ နဲ့ လယ်သမားများ ရဲ့ လက်ငင်းဘဝ အခြေအနေများကို ရှင်းလင်းတင်ပြပါတယ်။ မတရားအဖမ်းခံထားရတဲ့ သမဂ္ဂခေါင်းဆောင် ၂ ယောက်ကို ချက်ချင်း လွှတ်ပေးဖို့ တောင်းဆိုခဲ့ပါတယ်။

(၁၅၊ ၁၂၊ ၃၀) ညနေ ၄ နာရီခွဲမှာ ရွှေတိဂုံစေတီတော် ရာဟု ထောင့် ရ င် ပြ င် တော် မှာ 'ရန်ကုန်မြို့လုံးဆိုင်ရာ ကျောင်းပေါင်းစုံ တိုးချဲ့အစည်းအဝေးကြီးတစ်ရပ်' ဆက်ပြီး ကျင်းပကြပါတယ်။ ဒီအစည်းအဝေးကို ကျောင်းသူ၊ ကျောင်းသားများ ၊ ဘုန်းတော်ကြီးများ ၊ သခင်၊ သခင်မကြီးများ ၊ အလွှာအသီးသီးမှ လူထုများ ၊ လူထုလူတန်းစားအသင်းအဖွဲ့များ အင်အားတစ်သောင်းကျော် တက်ရောက်လာခဲ့ကြပါတယ်။

တက်လာကြတဲ့ လူထုကြီးက

''မီးတုတ် ၂ ရှို့ ရှို့''

''သူပုန် ၂'' ထထ၊

''ဒေါက်တာဘမော် ကျဆုံးပါစေ''၊

''ဓနရှင်အစိုးရ ကျဆုံးပါစေ'' စတဲ့ ကြွေးကြော်သံများ ရင်ပြင်တော်တစ်ခုလုံး ဖုံးလွှမ်းသွားတယ်။ လူထုကြီးက 'ဒို့ဗမာသီချင်း'နဲ့ 'အာဇာနည်သီချင်း'တို့ သံပြိုင်သီဆို ခဲ့ကြပါတယ်။ အစည်းအဝေးကို ကိုလှရွှေက သဘာပတိ၊ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ကြပါတယ်။ တကသခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ကိုသိန်းအောင်က အင်္ဂလိပ် နယ်ချဲ့အစိုးရက ကျုပ်တို့ ကို နိုင်ငံရေး လုပ်ခိုင်းနေလို့ ကျုပ်တို့ နိုင်ငံရေးထွက်လုပ်ကြ ရတာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဗမာတစ်နိုင် ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ (ABSU)က ခေါင်းဆောင်တဲ့ ကျောင်းသားများ ဟာ (၁၃၊ ၁၂၊ ၃၀) မှာ တကသအဆောက်အဦမှာ ၊ (၁၅၊ ၁၂၊ ၃၀) မှာ ရွှေတိဂုံစေတီတော် ရာဟု ထောင့် တန်ဆောင်းကြီးမှာ စုဝေးကြပြီး ကျောင်းသား ခေါင်းဆောင်များကို ချက်ချင်းလွှတ်ပေးရန်၊ ဖိနှိပ်ချုပ်ချယ်ထားတဲ့ အမိန့်ဥပဒေ မှန်သမျှကို အမြန် ရုပ်သိမ်းပေးရန် တောင်းဆို ဆုံးဖြတ်ကြတယ်။ (၂၀၊ ၁၂၊ ၃၀) ရက်နေ့ မနက် ၈ နာရီမှာ တကသသို့ စုဝေးရောက်ရှိလာကြတယ်။ တကသ ဒုဥက္ကဋ္ဌ၊ အာဏာရှင်ကိုလှရွှေ စတဲ့ ကျောင်းသားခေါင်းဆောင်များက ဒီကနေ့ ၂၀၊ ၁၂၊ ၃၀ တိုက်ပွဲနဲ့ ပတ်သက်တဲ့ သဘောထားရည်ရွယ်ချက်များကို ရှင်းပြကြပါတယ်။ ကျောင်းသားများကို ရာနဲ့ ချီ သယ်ဆောင်လာတဲ့ ဘတ်စ်ကားကြီးများ ဟာ ကုက္ကိုင်းလမ်း တလျှောက်၊ ထိုမှ တိရစ္ဆာန်ရုံလမ်းကို ဖြတ်ကာ၊ ကန်တော်ကလေး၊ ဦးမောင်မောင် အုန်းခိုင်လမ်း၊ စတော့ကိတ်လမ်း (ယခု သိမ်ဖြူလမ်း)၊ မောင့်ဂိုမာရီလမ်း (ယခု ဗိုလ်အောင်ဆန်းလမ်း) ကို ဖြတ်ကာ စပတ်လမ်းမှာ ယခု ဗိုလ်အောင်ကျော်လမ်း စိန့်ပေါဘုရားရှိခိုးကျောင်းကြီးရှေ့၊ ဒေါက်တာဘမော်အဖွဲ့ရုံးနဲ့

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃသြဝါဒခံ ဆင်းရဲသားအဖွဲ့ချုပ်ရုံးရှေ့တွင် အားလုံးစုဝေးကြပါတယ်။ ကျောင်းသား၊ ကျောင်းသူပေါင်း ၇၀၀၀၀ ကျော် ၈၀၀၀၀ ခန့် ရှိပါတယ်။

ကျောင်းသားထုကြီးက ဒေါက်တာဘမော် အလိုမရှိ၊ ဆင်းရဲသားဆိုင်းဘုတ် ဖြုတ်ချ စတဲ့ ကြွေးကြော်သံများကို တခဲနက်ကြွေးကြော်နေကြပါတယ်။ ဒီနောက် လေးယောက်တစ်တွဲ စနစ်တကျတွဲ၍ စီတန်းကာ 'အတွင်းဝန်ရုံးကြီး'ကို ဝိုင်းလိုက်ကြပါတယ်။ ထို့နောက် ၁၀၀၀ စု ၊ ၅၀၀ စု၊ ၃၀၀ စု စသဖြင့် လူစုခွဲကာ ''အတွင်းဝန်ရုံးကြီး'' ကို ဝိုင်းလိုက်ကြပါတယ်။ လူစုခွဲကာ အတွင်းဝန်ရုံး အဝင်အထွက် တံခါးများ ရှေ့တွင် ပိတ်ဆို့လိုက်ကြပြီး အတွင်းသို့ ဝင်တဲ့ အဝင်တံခါးများ ရှေ့မှာ ၊ လမ်းဝမြေကြီးပေါ်မှာ အားလုံး စုရုံးထိုင်လိုက်ကြပါတယ်။ ကျောင်းသူများ ဟာ ရှေ့ဆုံးမှာ ရှိကြပါတယ်။ တံခါးအားလုံးပိတ်ဆို့ပြီး ဖြစ်သွားပါတယ်။

၁၅ မိနစ်ခန့် ကြာတဲ့ အခါ စစ်တပ်များ ၊ ပုလိပ်များ ၊ မြင်းစီးပုလိပ်များ ရောက်လာကြတယ်။ ပုလိပ်မင်းကြီး မစ္စတာပရက်စကော့၊ ရာဇဝတ်ဝန် မစ္စတာလုခ်ခါး၊ ဦးထွန်းအုံနဲ့ မစ္စတာတီစ်တို့ ချက်ချင်းရောက်လာကြတယ်။ ။ သူရိယသတင်းစာတိုက် အနီးရှိ တံခါးမကြီးမှာ အရေးအကြီးဆုံး တံခါးမကြီးဖြစ်ရာ ကျောင်းသားများ လက်မဦးမီ ပုလိပ်များက နေရာယူပြီး စီတန်းပိတ်ဆို့ထားလိုက်ကြပါတယ်။ ဂေါ်ရာပုလိပ်အချို့က ကျောင်းသူကလေးများအား ခြေထောက်နှစ်ဘက်ကိုင်၊ မြေပေါ်မှာ ဒရွတ်ဆွဲသွား ပြီး ပစ်ထုတ်လိုက်ကြတယ်။ ကျောင်းသားများကိုလည်း ဂေါ်ရာပုလိပ်များက တက်နင်း ပစ်ကြတယ်။ ဒီအချိန်မှာ အင်အား ၁၀၀၀ ခန့်ရှိတဲ့ မြို့မကျောင်းသားများက သပိတ်အင်အား

လာဖြည့်ကြပါတယ်။

နံနက် ၁၁ နာရီခန့်မှာ အရေးပိုင် ဦးဖိုးစ ရောက်လာပါတယ်။ မြင်းတပ်၊ ပုလိပ်၊ စစ်ပုလိပ်တပ်များကို ရုပ်သွားပါတယ်။ ကျောင်းသားများ အတွင်းဝန်ရုံးကြီးကို ပိတ်ဆို့ ဆန္ဒပြနေကြကြောင်း သိကြတဲ့ ရန်ကုန်လူထုကြီးဟာ အတွင်းဝန်ရုံးကို ရောက်လာကြပြီး ထီးများ ၊ စားစရာမုန့် ပဲ သွားရည်စာများ ၊ ဆေးလိပ်များ လာပေးကြပါတယ်။ ကျောင်းသားများက နေ့လည် ၁၂ နာရီမှာ ဆန္ဒပြပွဲကို ရုပ်သိမ်းဖို့ ၊ ပြန်ဖို့ စီစဉ်ကြပါတယ်။

စပတ်လမ်းမှ တောင်ဘက် ဒါလဟိုဇီလမ်းသို့၊ ထို့နောက် ဂျူဒါအီစကယ်လမ်း မှ အနောက်သို့ ချိုးပြီး ဘီဂန်ဒက်လမ်းသို့ ပြန်လှည့်လာကြတယ်။ ဘီဂန်ဒက်လမ်း နဲ့ စပတ်လမ်းဒေါင့် သူရိယသတင်းစာတိုက်နဲ့ မျက်စောင်းထိုးနေရာသို့ ရောက်တဲ့ အခါ မြင်းစီးပုလိပ်များက တားကြပါတယ်။ ကျောင်းသားများက ဆက်လက်ချီတက်ကြ ရာ ပုလိပ်များက နံပါတ်တုတ်နဲ့ အတင်းရိုက်ရုံမျှမက၊ မြင်းနဲ့ လည်း တိုက်ကြပါတယ်။ ကျောင်းသားများက ဘယ်လိုခုခံမှုမျိုးမှ မလုပ်ကြပါ။ ဒဏ်ရာရပြီး တုံးလုံးပက်လက် လဲကြတယ်။ ကျောင်းသားသွေးမြေကျခဲ့ရပြီ . . . . . . ။

အရိုက်ခံကြရတဲ့ ကျောင်းသူများအား ကျောင်းသားအချို့က အတင်း ထမ်း ထုတ်လာကြပါတယ်။ အသင့်ရောက်နေတဲ့ အမျိုးသားသူနာပြုတပ်က ဆေးဝါးထည့်ပေး ပါတယ်။ ဒဏ်ရာရတဲ့ ကျောင်းသား၊ ကျောင်းသူများကို အနီးရှိ သူရိယသတင်းစာတိုက် ပေါ် တင်ပေးကြပါတယ်။ အသင့်ရောက်ရှိနေကြတဲ့ အမျိုးသားသူနာပြုတပ်က ပြုစုပေးကြပါတယ်။

ဒဏ်ရာပြင်းထန်သူများကို ရန်ကုန်ဆေးရုံကြီးသို့ ပို့ပေးကြပါတယ်။ ရန်ကုန်ဆေးရုံကြီးမှာ ကျောင်းသား ၆၇ ယောက်၊ တက္ကသိုလ်ဆေးရုံမှာ ကျောင်းသား ၄၃ ယောက် တင်ပို့ကုသကြရတယ်။ အတွင်းဝန်ရုံးမှာ ကျောင်းသားတွေဆန္ဒပြတဲ့ သတင်း နိုင်ငံအနှံ့ ပျံ့နှံ့သွားမှာ ကြောက်လို့ ရန်ကုန်ပုလိပ်အဖွဲ့က သူရိယသတင်းစာတိုက် မှ သတင်းဓါတ်ပုံများ ၊ ဘလောက်များ ၊ ရိုက်ပြီးစာဖောင်များကိုပါ သိမ်းယူသွားခဲ့ကြ ပါတယ်။

သခင်မြ၊ သခင်အုံးကြီးနဲ့ မြို့မကျောင်းအုပ်ကြီးဘလွင်တို့ က ကျောင်းသား များ ရဲ့ ဆန္ဒထုတ်ဖော်ခြင်းကို အစိုးရက အကြမ်းဖက်ဖြိုခွဲခဲ့တာကို ကန့်ကွက်သည့် အနေဖြင့် အမတ်အဖြစ်မှ နုတ်ထွက်ခဲ့ကြတယ်။

ဒီဇင်ဘာ ၂၀ ရက်နေ့မှာ ကျောင်းသူများကို ကာကွယ်ရင်း အရိုက်ခံရတဲ့ တကသခေါင်းဆောင် ကိုအောင်ကျော်ဟာ (၂၂၊ ၁၂၊ ၃၀) မှာ တ က သ ဆေး ရုံ မှာ ကျဆုံးခဲ့ရပါတယ်။ ကိုအောင်ကျော်ဟာ ဟင်္သာတခရိုင်၊ မဲဇလီကုန်းစာတိုက်က အဖ ဦးကျော်ဒင်နဲ့ ဒေါ်ရွှေကျော့တို့ ရဲ့ သား ဖြစ်ပါတယ်။ ဘိလပ်ပြန်အရှင်ကျော်ရဲ့ တူပါ။ အသက် ၂၂ နှစ် ဂျက်ဆင်ကောလိပ် I.A (B)၊ ဒုတိယနှစ် ဥပစာဝိဇ္ဇာတန်းကျောင်းသား ပါ။ ကျောင်းသူများကို ကာကွယ်နေလို့ ကိုအောင်ကျော်ကို မဲပြီး ရိုက်ကြတာကြောင့် နယ်ချဲ့ပုလိပ်လက်ချက်နဲ့ ကိုအောင်ကျော် ကျဆုံးခဲ့ရတာပါ။ (၂၄၊ ၁၂၊ ၃၀) မှာ ကိုအောင်ကျော်ကျဆုံးခဲ့ရပါတယ်။ အလောင်းကို RGH မှ သမဂ္ဂသို့ ယူဆောင်ခဲ့ကြ တယ်။ (၂၇၊ ၁၂၊ ၃၀) မှာ သူ့ရုပ်ကလာပ်ကို ကြံတောသင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ခဲ့ကြ ပါတယ်။ သူ့ကို 'သူရဲကောင်းအာဇာနည်'အဖြစ် 'နေမျိုးသီဟသူရဘွဲ့' ချီးမြှင့်ခဲ့ကြ ပါတယ်။ မြို့မဆရာဟိန်က ရုပ်ကလာပ်ကော်မတီကိုယ်စား အမိဋ္ဌာန်ပြု

ချီးကျူးစာတန်း ကို ဖတ်ကြားပါတယ်။ ကိုအောင်ကျော်ကျဆုံးချိန်မှာ ''ရေနံမြေသပိတ်တပ်ကြီး ပြည်မြို့ ကို ရောက်နေချိန်ဖြစ်ပါတယ်။

(၈၊ ၁၊ ၁၉၃၉) မှာ သထုံ၊ ပဲခူး၊ ဝေါ တို့ မှ လယ်သမားတပ်ကြီးနဲ့ ရေနံမြေမှ အလုပ်သမားတပ်ကြီးများ ဟာ မနက် ၈ နာရီခန့် မှာ ကမာရွတ်ဂတ်တဲ လမ်း ၅ ခွဆုံမှာ တခဲနက်ဆုံစည်းပြီး ရွှေတိဂုံအနောက်ဘက် စောင်းတန်း၊ မိုးညှင်း ဓမ္မာရုံကြီးအနီးမှ ကွက်လပ်ကြီးသို့ ချီတက်နားနေ ရပ်တန့်ခဲ့ကြပါတယ်။ ဒီလူထု အ ရေး တော် ပုံ ကြီး အ တွ င်း မှာ အလုပ်သမား၊ လယ်သမား၊ အမျိုးသမီးထုကြီးကို ကိုယ်စား ပြုတဲ့ သမိုင်းဝင် ၁။ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်ကြီး (ABTCU) ၂။ လယ်သမား သမဂ္ဂအဖွဲ့ချုပ်ကြီးများကို ထူထောင်ခဲ့ကြပါတယ်။ ။

၁၃၀၀ ပြည့်အရေးတော်ပုံကြီးရဲ့ ထူးခြားတဲ့ နိုင်ငံရေး၊ သမိုင်းရေး အဓိပ္ပာယ် က ဘာပါလဲ။

၁၃၀၀ ပြည့်အရေးတော်ပုံကြီးဟာ ၁၉၃၉ ခုနှစ်အထိ တစ်နှစ်နဲ့ ၇ လ ကြာပါတယ်။ ဒီသပိတ်ကြီးမျိုးဟာ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ သာ ဖြစ်ပေါ်ခဲ့ တာပါ။ အလုပ်သမားသပိတ်ကြီးမျိုးဟာ မြ န် မာ့ လူ့ အ ဖွဲ့ အ စ ည်း အ တွ င်း မှာ သာ ဖြစ်ပေါ် ခဲ့တာပါ။ 'အလုပ်သမားသပိတ်ကြီး'ဆိုတာဖြစ်ပေမယ့် သပိတ်ကြီးအတွင်း အလုပ် သမား၊ လယ်သမားနဲ့ ၊ ကျောင်းသားများ ၊ သံဃာတော်အရှင်သူမြတ်များ ဟာ ဒီအရေး တော်ပုံရဲ့ ပင်မအင်အားစုများ အဖြစ် ပါဝင်ကြပါတယ်။ စာရေးဆရာ၊ သတင်းစာဆရာ မြို့နေဆင်းရဲသားများ နဲ့ လူထုများ ဟာ တစ်ခဲနက်ပါဝင်ခဲ့ကြတာပါ။

ဒီအရေးတော်ပုံကြီးအတွင်းမှာ ကိုအောင်ကျော်၊ သခင်ညိုအေး၊ အာလံ ဗိုလ်ဘဖိုး၊ အမည်မသိသူ (၁၁) ဦး ၁၀၊ ၂၊ ၃၉ မန္တလေးဆန္ဒပြပွဲမှာ အာဇာနည် ၁၇ ဦးကျဆုံးခဲ့ရတယ်။ ရေနံမြေသပိတ်တပ်ဖွဲ့ဝင်များ ဟာ ၁၉၃၉၊ ဇွန်လ ၁၇ ရက် နေ့မှာ ဇရာဝတီစာပို့သင်္ဘောနဲ့ ရေနံမြေကို ပြန်လည်ထွက်ခွာခဲ့ကြပါတယ်။ ဒီဇင်ဘာ ၁၉၃၀ မှ ၁၉၃၉ မတ်လအထိ လူ၂၀၀၀ ကျော် အဖမ်းခံရပါတယ်။ စာသင်ကျောင်း ပေါင်း ၃၀၀ ကျော်မှ ကျောင်းသူ၊ ကျောင်းသားတစ်သိန်းကျော်၊ မြို့နယ်အသီးသီး မှ လက်လုပ်လက်စား လူထု (၁) သိန်းကျော်၊ စုစုပေါင်း လူထု ငါးသိန်းတစ်သောင်း ကျော် ပါဝင်ခဲ့ကြောင်း စာနယ်ဇင်းများက ဖော်ပြကြပါတယ်။

မြန်မာမျိုးချစ်များ ဟာ အမျိုးသားလွတ်လပ်မှုနဲ့ အချုပ်အခြာအာဏာ ပြန်ရဖို့၊ လွတ်လပ်ရေးရဖို့

၁။ ဝံသာနုအရေးတော်ပုံ ဂျီစီဘီအေအဖွဲ့ချုပ် ၁၉၀၆၊ ၁၉၄၀-၄၂နှစ် ကြိုးပမ်းရပါတယ်။

၂။ ဆရာစံတောင်သူလယ်သမား အရေးတော်ပုံကြီး ၁၉၃၀

၃။ ဒို့ဗမာအစည်းအရုံးနဲ့ ၁၃၀၀ ပြည့်အရေးတော်ပုံ ၁၉၃၀-၃၈

၄။ ရဲဘော်သုံးကျိပ် ဖဆပလ ဂျပန်တော်လှန်ရေး

၅။ စစ်ပြီးခေတ် လွတ်လပ်ရေးတိုက်ပွဲ စတဲ့ လူထုလှုပ်ရှားမှုကြီး ၅ မျိုး ဆင်နွှဲခဲ့ရတယ် (လွတ်လပ်ရေးခေတ်)။

၆။ လွတ်လပ်ရေးရပြန်တော့ ပြည်တွင်းစစ်၊ စစ်အာဏာရှင်စနစ်နဲ့ ရှစ်လေးလုံး လူထုအရေးတော်ပုံကြီး ဆင်နွှဲခဲ့ကြရတယ်။

၇။ ၈၈/ ၈၉ ခုနှစ်အတွင်းမှာ ဒီချုပ် ဒေါ်စုနဲ့

ဒီမိုကရေစီအရေးတော်ပုံကြီး ဆင်နွှဲခဲ့ကြရတယ်။

ဒီ/ချုပ် ဥက္ကဋ္ဌ ဒီမိုကရေစီ အရေးတော်ပုံကြီးအတွင်း ပါဝင်လာတဲ့ အခါ နဝတ/ နအဖ စစ်အုပ်စုက ဒီ/ချုပ် ဥက္ကဋ္ဌကို တော်တော်ရမ်းရမ်းကားကား တိုက်ခဲ့တယ်။ အကျယ်ချုပ်လည်း အနှစ် ၂၀ လောက်ချထားခဲ့တယ်။ ၂၀၀၈ ဖွဲ့စည်းပုံမရှိခင်/ မရခင်က ဆိုးဆိုးဝါးဝါး ရှုံ့ချတိုက်ခိုက်တယ်။ ဒီ ၂၀၀၈ ခုနှစ် စည်းဝိုင်း (၂၀၀၈ ဖွဲ့စည်းပုံ) အတွင်း ဒီ/ချုပ် ဥက္ကဋ္ဌ ဝင်လာတဲ့ အခါ ကြံ့ဖွံ့တ်ဌာနချုပ်မှာ 'အောင်ပြီ အောင်ပြီ၊ အောင်ပြီ'လို့ ကြွေးကြော်ကြတယ်လို့ ဆိုပါတယ်။ ကြံ့ဖွံ့တ်က ဒီ/ချုပ် ဥက္ကဋ္ဌကို 'ရန်သူ'လို့ သဘောထားတဲ့ ဗျူဟာမှ 'ရန်သူမဟုတ်သူ'ဗျူဟာသို့ ရွှေ့ပြောင်း သဘောထားခဲ့တယ်။ ဒါဟာ ဒီကနေ့ခေတ်ပါပဲ။

လွတ်လပ်ရေးခေတ် မြန်မာ့အာဏာရ လစ်ဘရယ်ဓနရှင်လူတန်းစား ကိုယ်စား လှယ်ဖြစ်လာတဲ့ အခါ သခင်နုကိုယ်စားပြုတဲ့ လစ်ဘရယ်ဓနရှင် လူတန်းစားဟာ ၁၉၅၈ မှာ တည်မြဲ၊ သန့်ရှင်း ဖဆပလ၊ စစ်အုပ်စု ၃ စုကွဲပြီး သေနတ်ရှိတဲ့ ဗိုလ်ချုပ်ကြီး နေဝင်းဟာ ၁၉၆၂ မတ်လ ၂ ရက်နေ့မှာ အာဏာသိမ်းလိုက်တယ်။ အဲဒီနေ့ကစပြီး လစ်ဘရယ် ဓနရှင်လူတန်းစားများ ဟာ အာဏာ၊ ဥစ္စာဓနတို့ ကို လက်လွှတ်ခဲ့ရတာ ၂၀၁၅ နိုဝင်ဘာ ၅ ရက်နေ့အထိပါပဲ။

၁၉၈၈၊ ဩဂုတ်လ ၂၆ ရက်နေ့ကစပြီး ဒေါ်စုဟာ အ ကြော င်း ပေါ င်း စုံ နဲ့ ၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးအတွင်း ပါဝင်လာခဲ့တယ်။ နဝတ၊ နအဖ၊ ကြံ့ဖွံ့တ်စစ် အုပ်စုက ဒေါ်စုနဲ့ ဒီ/ ချုပ်ဟာ သူတို့ ရဲ့ အာဏာနဲ့ ဥစ္စာဓနပိုင်စိုးမှုကို အန္တရာယ်ပြုမယ့် 'လူနဲ့

အဖွဲ့အစည်း'ဖြစ်တယ်ဆိုတာ သိမြင်တာကြောင့် ၂၀၀၃ ခု၊ ဧပြီ ၃၀ မှာ လူ့လောကထဲက ထုတ်ပစ်ဖို့ အထိ ကြံစည်ခဲ့ကြတယ်။ ၂၀၀၈ ဖွဲ့စည်းပုံကို ကြံဖန်လို့ ရပြီးမှ ဒီ/ချုပ် ဥက္ကဋ္ဌကို 'ရန်သူအဖြစ်မှ ' 'ရန်သူမဟုတ်သူဗျူဟာ'သို့ ပြောင်းပြီး ဒီကနေ့ အခြေအနေသို့ ရှေးရှုခဲ့တာဖြစ်တယ်။

အာဏာနဲ့ ဥစ္စာကို လက်ဝါးကြီးအုပ်ထားလို့ မဖြစ်နိုင်တော့ကြောင်း 'အာဏာခွဲဝေကြမှ သာ'ရပ်တည်လို့ ဖြစ်မှာ ကြောင့် ၂၀၁၅ နိုဝင်ဘာရွေးကောက်ပွဲကျင်းပ ဒီ/ချုပ် အနိုင်ရပြီး၊ ဒီကနေ့လို အခင်းအကျင်းမျိုး ဖြစ်တည်လာစေခဲ့တာပါ။ လစ်ဘရယ် ဓနရှင်လူတန်းစားအစုများ ဟာ ၆၂ ခုနှစ်၊ မတ်လ ၂ ရက်မှ စပြီး အာဏာနဲ့ ဥစ္စာဓနဖန်တီးခွင့် အခွင့်အရေးများအားလုံးကို 'မဆလ'စစ်ဗျူရိုကရက် လက်ဝါးကြီးအုပ် အရင်းရှင် လူတန်းစားများက လုယက်သိမ်းပိုက်ခဲ့ကြပါတယ်။

ဒီနိုင်ငံရေးအရွေ့ဟာ ၁၉၆၂ မှ ၁၉၈၈ ခုနှစ်အထိ ၂၆ နှစ်ကြာပါတယ်။ ကမ္ဘာကြီးဟာ ဒီမိုကရေစီလမ်းကြောင်းကို ကမ္ဘာ့တိမ်းညွတ်မှုအဖြစ် ရွေးချယ်လာခြင်း၊ မဆလစစ်အာဏာရှင်များ ရဲ့ နိုင်ငံရေး၊ စီးပွားရေး လက်ဝါးကြီးအုပ်မှုများကို လူထုကြီးက သည်းမခံနိုင်တော့ခြင်း၊ မဆလစစ်အစိုးရရဲ့ မှားယွင်းတဲ့ စီးပွားရေး၊ နိုင်ငံရေး၊ အမျိုးသားရေး ပေါ်လစီများ ရဲ့ ဒဏ်ကို လူထုကြီးက သည်းမခံနိုင်တော့တာကြောင့် ၈၈ ဒီမိုကရေစီအရေးတော်ပုံကြီး ဖြစ်ခဲ့တာဖြစ်ပါတယ်။

စစ်ဗျူရိုကရက် လက်ဝါးကြီးအုပ်အရင်းရှင်လူတန်းစားဟာ သူတို့ အုပ်စိုးမှု ကို 'ကတုတ် ၂ ခု'နဲ့ ကာကွယ်ခဲ့တာပါ။ ပထမကတုတ်ကတော့

'ဖွဲ့စည်းပုံ ခံကတုတ်'ဖြစ်ပါတယ်။ ဒုတိယခံကတုတ်ကတော့ 'စစ်အာဏာရှင် ခံကတုတ်' ဖြစ်ပါ တယ်။ ၇၄ ဖွဲ့စည်းပုံ ခံကတုတ်ကို ရှစ်လေးလုံးနဲ့ တိုက်ချလိုက်လို့ မဆလမှ 'နဝတ'၊ နဝတမှ 'နအဖ'၊ နအဖက ၉၃ အမျိုးသားညီလာခံဆိုတာကို ဟန်ပြခေါ် ပြီး '၂၀၀၈ ဖွဲ့စည်းပုံခံကတုတ်'နဲ့ ကြံ့ဖွတ်စစ်အုပ်စုရဲ့ နိုင်ငံရေး၊ စီးပွားရေး အကျိုးစီးပွား များကို ထွက်ကာကွယ်တာဖြစ်ပါတယ်။ 'စစ်အာဏာ'နဲ့ 'ဖွဲ့စည်းပုံ'ဟာ ကြံ့ဖွတ်စစ်အုပ်စု ရဲ့ ခံကတုတ် ၂ ခုပါပဲ။ ဒီအကွေ့က '၂၀၀၈ ဖွဲ့စည်းပုံ'နဲ့ ကာကွယ်တဲ့ 'အကွေ့'ပါပဲ။ ၂၀၀၈ ဖွဲ့စည်းပုံ အကြောင်းကြောင်းနဲ့ ပြုကွဲရင် 'အာဏာသိမ်း'ပြီး 'စစ်အာဏာရှင်စနစ်' နဲ့ (သူတို့ အုပ်စိုးမှု) ကို ကာကွယ်မှာ ပါပဲ။ ဒါဟာ ၁၉၆၂ မှ ဒီကနေ့ ၂၀၁၆ ခုနှစ် အထိ၊ ရာစုနှစ်တစ်ဝက်ကျော် ၅၄ နှစ်အတွေ့အကြုံပါ။

ဒီကနေ့ မြန်မာ့နိုင်ငံရေးမှာ -

(၁) ၂၀၀၈ ဖွဲ့စည်းပုံကို ကိုင်ထားတဲ့ စစ်တပ်ရှိတဲ့ စစ်ဗျူရိုကရက် လက်ဝါး ကြီးအုပ် အရင်းရှင်လူတန်းစားအစု

၂။ ကိုယ်ပိုင်တပ်ရှိတဲ့ ပေါင်းစည်းလိုက်ရင် ကြံ့ဖွတ်တပ်ကို ရင်ဆိုင်နိုင်တဲ့ စစ်အင်အားရှိတဲ့ လူမျိုးစုလစ်ဘရယ်ခေနရှင်လူတန်းစားများကို ကိုယ်စားပြုတဲ့ တိုင်းရင်းသား ဒီမိုကရေစီအင်အားစုကြီးနဲ့

၃။ ဒီ/ချုပ် ဥက္ကဋ္ဌကိုယ်စားပြုတဲ့ ကမ္ဘာ့လစ်ဘရယ် ဒီမိုကရေစီအင်အားစုများ ထံမှ ဥသုံအကူအညီရနိုင်တဲ့ ၊ ဗိုလ်ချုပ် အောင်ဆန်းမျိုးဆက်ဖြစ်တဲ့ ဒီ/ချုပ် ဥက္ကဋ္ဌ ကိုယ်တိုင်ကလည်း ဗမာပြည်လစ်ဘရယ် ခေနရှင်လူတန်းစားအစိုးရတစ်ရပ်ကို ကောင်း ကောင်းကြီး စုဖွဲ့နိုင်တဲ့ အင်အားစုပါ။

မဆလတပ်ချုပ်ဟာ ၁၉၆၀ ရွေးကောက်ပွဲမှာ လူထုကြီးရဲ့ ထောက်ခံမဲနဲ့ အာဏာရလာတဲ့ ပြည်တောင်စုပါတီဥက္ကဋ္ဌထံမှ နိုင်ငံတော်အာဏာကို လက်နက်အား ကိုးနဲ့ သိမ်းယူခဲ့တာပါ။ ဒီတော့ ၁၉၆၂ မြန်မာ့နိုင်ငံရေးမှာ တည်မြဲဖဆပလ၊ သန့်ရှင်းဖဆပလ၊ ပမညတ (လက်ဝဲအင်အားစု) စတဲ့ နိုင်ငံရေးအင်အားစု ၃ မျိုးရှိနေ ပါပြီ။ ၁၉၆၂ မတ်လ ၂ ရက်နေ့မှာ လကျာ်ဆိုရှယ်လစ်များ ၊ ဗိုလ်ချုပ်နေဝင်းနဲ့ နွယ်တဲ့ လက်ကျာ်ဆိုရှယ်လစ်များက ဦးစီးပြီး အာဏာသိမ်းခဲ့ပါတယ်။ (၂၊ ၃၊ ၆၂) ကစပြီး မြန်မာ့ပထမနိုင်ငံရေးမှာ 'စစ်အာဏာသိမ်းမှု' စခဲ့တယ်။ ဒီအာဏာသိမ်းမှုဟာ မြန်မာ့နိုင်ငံရေးမှာ 'လစ်ဘရယ်ဒီမိုကရေစီ အရေးနိမ့်ရတဲ့ အစောဆုံးဖြစ်ရပ်ပါပဲ။ ၁၉၆၂ ခုနှစ် နှစ်ဦးကစပြီး အရေးနိမ့်ခဲ့တာ 'ရှစ်လေးလုံး' ဒီမိုကရေစီအရေးတော်ပုံအထိ ပါပဲ။ ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံဟာ လစ်ဘရယ်ဒီမိုကရေစီ တစ်ခေတ် ပြန်ဆန်းသစ်လာတဲ့ သင်္ကေတပါပဲ။ ဒါကိုလူတိုင်းက ချက်ချင်း နားမလည်နိုင်ကြပါဘူး။

ဒီချုပ်ဥက္ကဋ္ဌဟာ ၈၈ လူထုအရေးတော်ပုံကြီးအတွင်း အကြောင်းပေါင်းစုံနဲ့ ပါဝင်ခဲ့တာပါ။ လူထုဆန္ဒ၊ သူ့ဆန္ဒနဲ့ ပါဝင်ခဲ့တာပါ။ ဒီ/ချုပ်ဥက္ကဋ္ဌ မြန်မာ့စစ်အာဏာရှင် စနစ်ဆန့်ကျင်ရေး တိုက်ပွဲတွင်း ပါဝင်လာတယ်ဆိုတာဟာ စင်စစ် ၁၉၆၂ မတ်လဆန်း မှာ စစ်အုပ်စုရဲ့ အာဏာသိမ်းမှုကြောင့် ၁၉၆၂ မှ ၁၉၈၈ ခုနှစ်အထိ၊ ၂၆ နှစ်တိုင် အာဏာလက်လွှတ်ခဲ့ရတဲ့ လစ်ဘရယ်ဓနရှင်လူတန်းစားများ ရဲ့ နေရာကို ပြန်လည် ရယူခဲ့တာ ဖြစ်ပါတယ်။ ထူးခြားချက်က သူဟာ -

၁။ ဗိုလ်အောင်ဆန်းမျိုးဆက်ပါ။

၂။ သူဟာ western Trained ပါ။ 'အောက်စ်ဖို့ ' ကျောင်းထွက်ပါ။ ဒါကြောင့် လည်း သူ 'နိုဘယ်လ်ဆု' ရခဲ့တာပါ။

၃။ သူဟာ ၆၂ က အာဏာနဲ့ ဥစ္စာဓနေ ပိုင်ဆိုင်ခွင့် ပိတ်ဆို့ခံရတဲ့ ၊ ၄၈ လွတ်လပ်ရေးအာဏာရလာတဲ့ သခင်နု အကြီးအအုပ်လုပ်တဲ့ လစ်ဘရယ်ဓနရှင်လူတန်း စားရဲ့ မျိုးဆက်သစ်ခေါင်းဆောင်ပါ။ သခင်နုနေရာ ရလာတာပါ။

ဒီတော့ ဒီကနေ့ဆိုရင် ဗမာပြည်မှာ

၁။ စစ်ဗျူရိုကရက် လက်ဝါးကြီးအုပ် (အာဏာရ) အရင်းရှင်လူတန်းစားအစု (ကြံ့ဖွံ့ပါတီ၊ တပ်နဲ့ ၂၀၀၈ ဖွဲ့စည်းပုံ ကိုယ်စားလှယ်)။

၂။ ဒီ/ချုပ် ဥက္ကဌနဲ့ (လစ်ဘရယ်ဓနရှင်လူတန်းစားအစိုးရအဖွဲ့)။

၃။ 'အမျိုးသားတန်းတူရေး၊ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းတည်ဆောက်ရေး အတွက် စကားလည်း ပြော၊ စစ်လည်း တိုက်ခဲ့/ တိုက်နိုင်တဲ့ ၊ လူမျိုးစုံနဲ့ စုဖွဲ့ထားတဲ့ လူမျိုးစုံ လစ်ဘရယ်ဒီမိုကရေစီပါတီ၊ အဖွဲ့နဲ့ တပ်များ ရပ်တည်နေကြပါတယ်။

ကြံ့ဖွံ့က ပါတီနဲ့ တပ် ရှိပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံရှိတယ်။ ဘဏ္ဍာငွေ ကြေးရှိတယ်။ နိုင်ငံတကာ အဆက်အသွယ်များ ရှိပါတယ်။ US+ EU+ JPN တို့ က နင်တန်/ပုဂံကွဲ လုပ်စေချင်ကြပါတယ်။ ပြည်တွင်းစစ်ရပ်၊ ပြန်လည်ထူထောင်ရေး လုပ်ကြ၊ လစ်ဘရယ်ကမ္ဘာကြီးနဲ့ ဈေးရောင်း၊ ဈေးဝယ်လုပ်ကြ၊ သန်းကြွယ်သူဌေး များ လုပ်ကြ၊ နည်းပညာနဲ့ ဒေါ်လာပေးမယ်။ စစ်ဖြစ်အောင်သာ လုပ်ကြ။ ဒါဟာ TNC ကြီးများ ရဲ့ "Global Policy '' ပါပဲ။ 'စစ်ပွဲ'နဲ့ TNC သူဌေးဘဝကို 'လဲကြ'။ ဒါပါပဲ။

လစ်ဘရယ်ကမ္ဘာကြီးက 'ကုလားအုတ်နားနေခွင့်' ရချင်နေကြပါတယ်။
။

မြန်မာ့လူ့အဖွဲ့အစည်းဟာ ကမ္ဘာ့နယ်ချဲ့ အင်အားကြီးနိုင်ငံဖြစ်တဲ့ ဗြိတိသျှ နယ်ချဲ့နိုင်ငံကြီးနဲ့ အချိုးမညီတဲ့ စစ်ပွဲ ၃ ပွဲ (၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅) ရှုံးနိမ့် ပြီးတဲ့ အခါ (၁၈၂၄ မှ ၁၉၄၈) အထိ ၁၂၄ နှစ်တိုင်တိုင် ကိုလိုနီကျွန်ဘဝ ကျရောက် ခဲ့ကြရတယ်။ အဂလိ်န် လူ့အဖွဲ့အစည်းဟာ ၁၆၈၈ ခုနှစ်ကတည်းက အရင်းရှင်စနစ်၊ ကိုလိုနီစနစ်၊ နယ်ချဲ့စနစ်များကို ကမ္ဘာ့အနိုင်နိုင်ငံသို့ တင်သွင်းခဲ့တဲ့ နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်ပါတယ်။ အဂလိ်န်နဲ့ ဖြစ်ရတဲ့ အချိုးမညီတဲ့ စစ်ပွဲ ၃ ပွဲ ရှုံးပြီးတဲ့ အခါ နိုးကြားတဲ့ ကလောင်မင်းသားကြီးနဲ့ ယောမင်းကြီး ဦးဖိုးလှိုင်တို့ ကြံဆနေတဲ့ 'မင်းတုန်း-ကနောင် ပြုပြင်ပြောင်းလဲရေး'ကြိုးပမ်းမှုများ ဟာ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ ရှုံးနိမ့်မှုနဲ့ အတူ ပြိုကွဲသွားခဲ့ရပါတယ်။ မင်းတုန်း-ကနောင် Reform ဟာ ဂျပန်/ မီဂျီ Reform ထက် (၁၀) နှစ်စောပြီး ဥရောပ Reform (၁၈၄၈) ထက် ၁၀ နှစ်သာ နောက် ကျတာပါ။

ဒုတိယအချက်က မြန်မာ့လူ့အဖွဲ့အစည်းဟာ ကျွန်သက်ရှည်လွန်းတယ်။ ၁၈၂၄ မှ ၁၉၄၈ (ဂျပန်ပါ) ၁၂၄ နှစ်ကျွန်အဖြစ်နဲ့ နေခဲ့ရတာပါ။ အင်္ဂလိပ်ကျွန်အဖြစ် ၁၂၄ နှစ်နေခဲ့ရတာကြောင့် နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးအတွက် ကြိုးပမ်း ရတဲ့ အခါ အင်္ဂလိပ်စာတတ် မြေရှင်၊ အရင်းရှင်သားသမီး ခေတ်ပညာတတ်များ ဟာ ရာထူး၊ အာဏာ၊ လစာ၊ရိက္ခာတို့ နဲ့ မြူဆွယ်ဂိုဏ်းခွဲတဲ့ အခါ ကြံ့ကြံ့ခိုင်ခိုင် မရပ်တည် နိုင်ကြတာကြောင့် ဒိုင်အာခီအုပ်ချုပ်ရေး/ ၁၉၂၃၊ ၉၁ ဌာနအုပ်ချုပ်ရေး/ ၁၉၃၅၊ စစ်ပြီးခေတ် ၁၉၄၆ အောက်တိုဘာ- ဘုရင်ခံအတိုင်ပင်ခံကောင်စီ၊

အုပ်ချုပ်ရေး အတွင်းဝင်ရေး/ မဝင်ရေး စတဲ့ နိုင်ငံရေးအကွေ့များမှာ လူထုကြီးကို ကျောခိုင်းသွား လေ့ရှိကြတယ်။

၁၈၂၄/ ၁၉၄၈ နှစ်ပေါင်း ၁၂၄ နှစ်ကြာတဲ့ ကျွန်ဘဝအတွင်း ဗြိတိသျှနယ်ချဲ့ စနစ်ရဲ့ မဟာဗျူဟာက 'ဗြိတိသျှနယ်ချဲ့စနစ်ရဲ့ အကျိုးစီးပွားအတွက် ဗြိတိသျှနယ်ချဲ့စနစ် နဲ့ ဥသုံပူးပေါင်းဆောင်ရွက်မယ့် Comprador Bourgeoisie 'လက်ဝေခံခနေရှင် လူတန်းစား''တစ်ရပ် မွေးမြူစုဖွဲ့ရေး ဖြစ်ပါတယ်။ ဒေါက်တာဘမော်လို၊ ဂဠုန်ဦးစောလို၊ ဆာ၊ဂျေအေ မောင်ကြီးလို ဗြိတိသျှအလိုတော်ရိ ကွန်ပရာဒိုဘူဇွာလူတန်းစား၊ လူမှု အစုများကို မွေးမြူခဲ့တာပဲ ဖြစ်ပါတယ်။

ဗြိတိသျှနယ်ချဲ့ဂိုဏ်းရဲ့ မြန်မာ့လွတ်လပ်ရေးမဟာဗျူဟာက

၁။ မြန်မာနိုင်ငံမှာ ရှိတဲ့ ဗြိတိသျှအကျိုးစီးပွားများကို ကာကွယ်သွားရန်၊

၂။ နံပါတ် (၁) ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာမှာ ဗြိတိသျှအစိုးရ နဲ့ ပူးပေါင်းဆောင်ရွက်မယ့် မြန်မာမျိုးချစ်နိုင်ငံရေး အင်အားစုတစ်ရပ် ရှာဖွေရန်၊ (ဖဆပလအဖွဲ့ချုပ်ကို ဂိုဏ်းခွဲပစ်ရန်လို့ တော့ ဖော်ပြမထားပါဘူး)။

၃။ လွတ်လပ်ပြီး ဗမာပြည်ကို 'ဗြိတိသျှဓနသဟာယအဖွဲ့ချုပ်'ထဲမှာ ရှိစေရန် ဖြစ်ပါတယ်။ (ဒီနေရာမှာ 'ဗကပ'နဲ့ 'ဖဆပလ'ကို ဂိုဏ်းခွဲပစ်ရန်)လို့ တော့ ဖော်ပြမထား ပါဘူး)။ ဒါပေမဲ့ ဗြိတိသျှအစိုးရရဲ့ ကြံရွယ်ချက်က ရှင်းပါတယ်။

၁၉၄၉/ ၅၁ ရန်ကုန်အစိုးရဘဝ ကျရောက်နေတဲ့ ဖဆပလအစိုးရကို (၅) နှစ်စာ လက်နက်ခဲယမ်းများ ကူညီတာဟာ B.C.W ရဲ့ စီမံချက်ပါ။

ဒီအထဲမှာ အိန္ဒိယ ဝန်ကြီးချုပ်နေရူးလည်း ပါပါတယ်။

ဒီတော့ (၂၀၊ ၃၊ ၄၈) ညမှာ တစ်ပြည်လုံးရှိ ဗကပဌာနချုပ် ဗဟို၊ တိုင်း၊ ခရိုင်၊ မြို့နယ် ရုံးများအားလုံးကို ဖြိုခွဲချေမှုန်းရေး ကြံရွယ်ချက်၊ စီမံချက်မှာ ဗြိတိသျှ နယ်ချဲ့အစိုးရ မပါဘူးဆိုတာကို ယုံတဲ့ သူ မရှိပါဘူး။ အထက်ဗမာပြည် စစ်ကိုင်း၊ အောက်ဗမာပြည် တွံတေး၊ လုံခြုံရေး အစည်းအဝေးများကို ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း၊ ကာကွယ်ရေးဝန်ကြီး ဦးဗဆွေတို့ ဦးစီးတက်ရောက်ကျင်းပကြတယ် လို့ ဆိုပါတယ်။ ဒါဟာ မတ်လ ၂၈ ဗကပကို အပြတ်ရှင်းဖို့ စည်းဝေးဆုံးဖြတ်ကြတဲ့ အစည်းအဝေးပါ။ (ဒီနည်းနဲ့ ၂၈၊ ၃၊ ၄၈ မှ ဒီကနေ့အထိ ပြည်တွင်းစစ်မီးကို ငြိမ်း မရဖြစ်နေကြပါတယ်)။ ပြည်တွင်းစစ်က တစ်ဘက်မှာ ဆင်းရဲမွဲတေမှုကို ယူဆောင် လာပြီး တစ်ဘက်မှာ စစ်ဗိုလ်၊ သူဌေးများ နဲ့ စစ်အာဏာရှင်စနစ်ကို မွေးဖွားပေးခဲ့တယ်။ (တစ်ဘက်မှာ လည်း ) ဆင်းရဲမွဲတေမှုကို ယူဆောင်လာပါတယ်။ (တစ်ဘက်မှာ လူ မျိုးစုံပါဝင်တဲ့ ''အမျိုးသားတန်းတူရေး A.S များ ငြိမ်းမရဖြစ်လာပါတယ်။

ယခု '၂၁ ရာစု ပင်လုံ'က အမျိုးသားတန်းတူရေးနဲ့ (တကယ့်) ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းမှာ ပါလား . . . ။ ၂၀၀၈ ဖွဲ့စည်းပုံပြင်တာကို ကြံ့ဖွတ်စစ်တပ်က လက်ခံမှာ ပါလား . . . .။ ကြံ့ဖွတ် တပ်နဲ့ ဒီ/ချုပ် ဥက္ကဋ္ဌ 'ဘယ်သူက ဘယ်သူ့ကို အမိန့်ပေးမှာ ပါလဲ' . . . . ။ (ဒါမှ မဟုတ် 'ဗျူရိုကရက် စစ်ခေနရှင်'နဲ့ အာဏာရ လစ်ဘရယ်ခေနရှင် လူမှုအစု ၂ စု အာဏာခွဲဝေကြမှာ ပါလား။ (ဘယ်သူက၊ ဘယ်သူ့ ကိုမှ ရာဇပလလင်ပေါ်က ဆွဲချဖို့ (ပြည်တွင်းပြည်ပ နိုင်ငံရေးအခြေအနေများက ခွင့်မပြု ကြတာကြောင့် နိုင်ငံရေး၊ စီးပွားရေးအရ bargain လုပ်ကြရမှာ ပါ။

၂၀၁၅ နိုဝင်ဘာရွေးကောက်ပွဲအပြီးမှာ ပြောကြားခဲ့တဲ့ ဒီ/ချုပ် ဥက္ကဋ္ဌရဲ့ ပြောကြားချက်များမှာ ''ကျမတို့ ရဲ့ ပေါ်လစီက အမျိုးသားပြန်လည်သင့်မြတ်ရေးပါပဲ''တဲ့ ။ ဒီ/ချုပ်ရဲ့ အစိုးရ (လူ) စုဖွဲ့ပုံကို ကြည့်လိုက်ရင် 'တပ်ပေါင်းစုအစိုးရ စုဖွဲ့မယ်'လို့ တရားဝင်မပြောခဲ့ပေမဲ့ 'အစိုးရ စုဖွဲ့ပုံ'ကိုလေ့လာကြည့်လိုက်ရင် (ပေါ်လစီအဖြစ် တရားဝင်ကြေညာထားတာ မဟုတ်ပေမဲ့) လူစုဖွဲ့ပုံ အဖက်အစပ်ကို ကြည့်လိုက်ရင် လူတန်းစားအရ မျိုးနွယ်စုအလိုက်၊ နိုင်ငံရေးပါတီအလိုက် စုဖွဲ့ထားတဲ့ အစိုးရပုံစံ ရှိနေတာကို တွေ့ရပါတယ်။ ဒါဟာ အခြေခံလုပ်ငန်းအရ တပ်ပေါင်းစု၊ အဖွဲ့အစည်း အရ တပ်ပေါင်းစု (လူပုဂ္ဂိုလ်အရ အရေးပါတဲ့ စုဖွဲ့မှု)ကို သတိပြုမိပါတယ်။

၁၉၆၂၊ မတ်လ ၂ စစ်အာဏာသိမ်းသည် အထိ ဥပဒေတွင် မှာ ပမညတ လို့ ခေါ်တဲ့ 'လက်ဝဲတပ်ပေါင်းစု (အဖွဲ့များ စုဖွဲ့ထားတဲ့ တပ်ပေါင်းစု) ရှိပါတယ်။ ၁၉၅၆ ရွေးကောက်ပွဲမှာ ပမညတ ကိုယ်စားလှယ် ၄၆ နေရာ၊ မဲ ၁ .၁ သန်းကျော်ရရှိခဲ့တယ်။ အာဏာရဖဆပလအတွင်း ပမညတများ အခုလို ရွေးကောက်ပွဲအနိုင်ရတာကို အကြောင်းပြုပြီး တည်မြဲ၊ သန့်ရှင်းဖဆပလ ၂ ဂိုဏ်း ကွဲသွားကြတယ်။ ဒီအချိန်မှာ ထူးထူးခြားခြား ကမ္ဘာ့ဆိုရှယ်လစ်စနစ်ဂိုဏ်းကြီးအတွင်း တရုတ် (CPC) နဲ့ ဆိုဗီယက် (CPSU/ USSR) ဆိုပြီး ၂ ဂိုဏ်း ကွဲသွားကြပါတယ်။ ဒီဂိုဏ်းကွဲမှုဟာ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှု I.C.M အတွင်းအကြီးအကျယ် ဂိုဏ်းကွဲမှု ဖြစ်တယ်။

၁၉၆၂ မတ်လ ၂ စစ်အာဏာသိမ်းမှုဟာ ဥပဒေအတွင်း လက်ဝဲဂိုဏ်း ပမညတများက ထောက်ခံလိုက်ပါသွားကြပါတယ်။

၁၉၅၉ မှာ ဗကပ မသုံးလုံးဂိုဏ်း၊ ကရင်စောထွန်းစိန်၊ မွန်ပြည်သူ့တပ်ဦး၊ ပြည်သူ့ရဲဘော် ပါတီတို့ လက်နက်ချသွားကြပါတယ်။ ၁၉၅၈ ဇွန်လမှာ ဖဆပလအဖွဲ့ချုပ်အတွင်း တည်မြဲ၊ သန့်ရှင်းဂိုဏ်းကွဲ သွားတယ်။ ဗကပအတွင်း ၅၅ လမ်းစဉ်ကြောင့် ဂိုဏ်းကွဲတယ်။ ၁၉၅၁ နဲ့ ၁၉၆၂ ခုနှစ်အတွင်း မြန်မာ့ဥပဒေပ/ တွင်း၊ အာဏာရ၊ အတိုက်အခံဂိုဏ်းများ အတွင်း ဂိုဏ်းကွဲမှု၊ ပြန်လည်စုစည်းမှုများ ၊ ပုံသဏ္ဍာန်ပေါင်းစုံနဲ့ ဖြစ်ပေါ်နေခဲ့တယ်လို့ ဆိုကြရမှာ ပါ။

၁၉၆၂ နဲ့ ၁၉၈၈ ခုနှစ် (၂၆) နှစ်တာကာလအတွင်းမှာ မဆလစစ်အာဏာရှင် စနစ်ဟာ ကုန်ရှား၊ ဈေးကြီး၊ အဝယ်ရခက်တဲ့ လူမှုဘဝအတွင်း လူထုကို တွန်းပို့နေခဲ့ တယ်။ 'ဒို့မှာ နှောင်ကြိုးမှ တပါး၊ ဆုံးရှုံးစရာ ဘာမှ မရှိတော့ဘူး'ဆိုတာကို ခံစားမိ ခဲ့ကြတဲ့ အတန်းအစား၊ အလွှာပေါင်းစုံမှ ဆင်းရဲသားလူထုကြီးဟာ 'သန္နိဌာန်ချ၊ အသက်စွန့်ရန် မကြောက်၊ အခက်အခဲဖယ်ရှား၊ အောင်ပွဲအရယူ'ဆိုတဲ့ သ န္နိ ဌာ န် နဲ့ ရှစ်လေးလုံးတိုက်ပွဲ လမ်းကြောင်းပေါ် တက်လာခဲ့ကြတာဖြစ်ပါတယ်။ ''ဒို့မှာ ''ဆင်းရဲ မွဲတေမှုနဲ့ အသက်ပဲရှိတော့တယ်၊ ထွက်ကြ . . .လမ်းပေါ်တက်ကြ .. . ဒို့မှာ ဆင်းရဲမွဲတေ ငတ်ပြတ်မှုနဲ့ အသက်တစ်ချောင်းပဲရှိတော့တယ်။ လူမှုဒုက္ခပေါင်းစုံမှ လွတ်မြောက်ဖို့ အသက်ပေးပြီး တိုက်ကြ''ဆိုတဲ့ ကြွေးကြော်သံနဲ့ တောင်းဆိုချက် ဟာ မဆလစစ်အုပ်စုရဲ့ အာဏာပလလင်ကို အကြီးအကျယ် လှုပ်ခါစေခဲ့တယ်။ ဒါ့ကြောင့် ဘာကိုမှ မထောက်ထားတော့ဘဲ သမိုင်းဝင် 'ရှစ်လေးလုံး လူသတ်ပွဲကြီး'ကို ကျူးလွန်ခဲ့ ကြတာ ဖြစ်ပါတယ်။ ရှစ်လေးလုံးလူသတ်ပွဲကြီးဟာ စစ်အုပ်စုရဲ့ နောက်ဆုံး ထွက်သက်

ပဲဆိုတာ အဲဒီစဉ်က သူတို့ မသိရှာခဲ့ကြပါဘူး။

ဒေါ်အောင်ဆန်းစုကြည်ဟာ (၂၆၊ ၈၊ ၈၈) နေ့မှာ အားလုံးရဲ့ တောင်းဆိုမှုအရ အကြောင်းကြောင်းနဲ့ ပါလာခဲ့တာပါ။ သူပါလာတဲ့ အတွက် ဒီမိုကရေစီ လှုပ်ရှားမှုဟာ 'စုရပ်'ရှိလာတယ်။ မျှော်လင့်ချက်ရှိလာတယ်။ ခေါင်းဆောင်မှု ရှိလာပါတယ်။

ဒီကနေ့ဆိုရင် ဒီ/ချုပ်နဲ့ ဒေါ်စုဟာ ၂၀၁၅ ရွေးကောက်ပွဲ အောင်နိုင်သူနဲ့ လစ်ဘရယ် ဘူဇွာလူတန်းစားရဲ့ ကိုယ်စားလှယ်နဲ့ ခေါင်းဆောင်ဖြစ်လာခဲ့ပါတယ်။ သူဟာ လစ်ဘရယ် ဘူဇွာလူတန်းစား လူမှုအစုရဲ့ ကိုယ်စားလှယ်နဲ့ ခေါင်းဆောင်ပါပဲ။ ပြဿနာက စစ်ဗျူရိုကရက် လက်ဝါးကြီးအုပ် အရင်းရှင်လူတန်းစားဟာ ၂၀၀၈ ဖွဲ့စည်းပုံနဲ့ ဒီ/ချုပ်ကို ဘယ်လိုသဘောထားသွားမှာ ပါလဲ . . .။ ၂၀၁၅ နို၀င်ဘာရွေး ကောက်ပွဲရလာဒ်ကို အသိအမှတ်ပြုပြီး အာဏာလည်း လွှဲခဲ့ပြီးပါပြီ။ ၂၀၀၈ ဖွဲ့စည်းပုံရဲ့ အသက်ဟာ စစ်တပ်ဖြစ်တာကြောင့် ဒီ/ချုပ် ဥက္ကဋ္ဌဟာ 'ဒီချုပ်ဥက္ကဋ္ဌနဲ့ စစ်တပ်ဆက်ဆံ ရေးကို ဘယ်လိုပုံသဏ္ဍာန်နဲ့ ဖွဲ့စည်းပုံမှာ . . ဘယ်လိုနေရာချထားမှာ ပါလဲ . . . .။ ကြံ့ဖွတ်က ၂၀၀၈ ဖွဲ့စည်းပုံနဲ့ စစ်တပ်နဲ့ ပါ။ ဒီ/ချုပ်က ဒီချုပ်ဥက္ကဋ္ဌရဲ့ ပုဂ္ဂိုလ်ရေးအခန်းကဏ္ဍနဲ့ ၂၀၁၅ ရွေးကောက်ပွဲအောင်ပွဲ ရှိပါတယ်။ ပြည်တွင်းလူထုနဲ့ နိုင်ငံတကာ ထောက်ခံမှုလည်း ရှိပါတယ်။ လူမျိုးစုံ တိုင်းရင်းသား အမျိုးသားများ ဆိုတာ ဟာလည်း ကိုယ်ပိုင်ပါတီ၊ ကိုယ်ပိုင်တပ်နဲ့ ကိုယ်ပိုင်ပထဝီဒေသ၊ တော်လှန်ရေးနယ်မြေနဲ့ လူထုအမျိုးမျိုး ရှိကြတာပါ။ ဒါဟာသူတို့ ရဲ့ နှစ် ၆၀ တိုက်ပွဲ အကျိုးအမြတ်ပါပဲ။ တိုင်းရင်းသားအမျိုးသားများ ရဲ့ 'တန်းတူရေးဆိုတာဟာလည်း တကယ်က လက်ထဲမှာ သေနတ်ဘယ်လောက်ကိုင်ထားနိုင်သလဲဆိုတာပေါ်မှာ တည်ပါမယ်။

၁၉၄၈ မှ အခု ၂၀၁၆ ခုနှစ်အထိ ၆၈ နှစ်ရှိပါပြီ။ ဒီ ၆၈ ခုနှစ်အတွင်း မြန်မာ့နိုင်ငံရေး ဘဝအတွင်းမှာ အလုပ်သမား၊ လယ်သမားများ ၊ ဓနရှင်ပေါက်စများ ၊ လစ်ဘရယ်ဘူဇွာ ဒီမိုကရက် လူတန်းစား လူမှုအစုများ ၊ ၆၂ မတ်လကစပြီး စစ်ဗျူ ရိုကရက် လက်ဝါးကြီးအုပ်အရင်းရှင် လူတန်းစား လူမှုအစုများ စတဲ့ လူမှုအစုများ ရှိပါတယ်။

'မြန်မာ့လူမှုစနစ်' Myanmar Mode of production ဟာ ကိုလိုနီတစ်ပိုင်း ပဒေသရာဇ်တစ်ပိုင်း လူမှုစနစ်ပါ။ ဆိုလိုတာက အရင်းရှင်စနစ်က ခေတ်နောက်ကျပြီး မြေရှင်စနစ်လည်း မဖျက်သိမ်းရသေးတဲ့ လူ့အဖွဲ့အစည်းပါ။ ဒီလူ့အဖွဲ့အစည်းရဲ့ Economic Basis စီးပွားရေးအုတ်မြစ်ကို မဖယ်ရှားပဲ၊ root out မလုပ်ဘဲ ခေတ်မီတဲ့ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းကို တည်ဆောက်လို့ မရပါ။ ဒီကနေ့ မြန်မာ့လူ့အဖွဲ့ အစည်းကို တကယ့်ဒီမိုကရက်တစ်ဖြစ်တဲ့ လူ့အဖွဲ့အစည်းအဖြစ် ထူထောင်မယ်ဆိုရင် စစ်ဗျူရိုကရက် လက်ဝါးကြီးအုပ်အရင်းရှင်စနစ်ကို ဖယ်ရှားပြီး 'ဒီမိုကရေစီသစ်' စီးပွားရေး/နိုင်ငံရေးစနစ်ကို မုချထူထောင်ကြရမှာ ပါ။ ဒီရည်မှန်းချက်အတွက် လူမျိုးစုံ၊ တိုင်းရင်းသားဒီမိုကရေစီအင်အားစုများ ဘက်မှာ ဘယ်လောက်ပြင်ဆင်ထားပြီးရှိသလဲဆို တာ မပြောနိုင်ပါ။

မြန်မာ့လွတ်လပ်ရေးဟာ ဒီကနေ့ဆိုရင် ၆၈ နှစ်ရှိပါပြီ။ သခင်နုကိုယ်စားပြုတဲ့ လွတ်လပ်ရေးခေတ် ဖဆပလအဖွဲ့ချုပ်ရဲ့ အုပ်ချုပ်မှုဟာ လွှတ်တော်သက်တမ်း ၃ ခုစာပဲ ရှိခဲ့တာပါ။ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့က စခဲ့တဲ့ စစ်အာဏာရှင် စနစ်အုပ်စိုးမှုဟာ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၊ ကြံ့ဖွံ့က ဒီ/ချုပ်ကို အာဏာလွှဲ တဲ့ နေ့အထိ ၅၄

နှစ်ကြာပါတယ်။ ရာစုနှစ်တဝက်ကျော် ကြာပါတယ်။ ၁၉၆၂ မတ်လ ၂ ရက်နေ့ကစပြီး ၂၀၁၆ ဧပြီလ ၁ ရက်နေ့အထိ စစ်အုပ်စုက စစ်အာဏာရှင်စနစ် ကျင့်သုံးခဲ့တာပါ။

မဆလစစ်အုပ်စုဟာ . . . . .

၁။ ၇ . ၇ . ၆၂ မှာ 'ဇူလိုင် (၇) ရက် ကျောင်းသားသတ်ဖြတ်မှုကြီးကို ရည်ရွယ်ချက်ရှိရှိ ကျူးလွန်ခဲ့တယ်။

၂။ ၁၄ . ၁၁ . ၆၃ ခုနှစ်မှာ တော်လှန်ရေးအင်အားစုများ နဲ့ ကျင်းပနေတဲ့ ပြည်တွင်း ငြိမ်းရေးဒိုင်ယာလော့ဂ်ကို တဖက်သတ်ရပ်ဆိုင်းပစ်ခဲ့တယ်။

၃။ ပြည်တွင်းငြိမ်းရေးစေ့စပ်ပွဲအတွက် ပါဝင်လှုပ်ရှားနေကြတဲ့ ငြိမ်းချမ်းရေးတက် ကြွသူ ၃၀၀၀/၅၀၀၀ ကြား ဖမ်းဆီးခဲ့ကြတယ်။

၄။ (ဒီအထဲမှ ) လူ ၂၀၀ ကျော်ကို ၆၈ နှေမှာ ကိုကိုးကျွန်းသို့ ပို့ခဲ့တယ်။

၅။ ၁၉၇၄ ဇွန်လ၊ အလုပ်သမားသပိတ်အတွင်း ဆန္ဒပြအလုပ်သမား ရာချီပြီး အသတ်ခံခဲ့ ရတယ်။

၆။ ၁၉၇၄ ဇွန်/၆ ဦးသန့်စျာပနကျောင်းသားလှုပ်ရှားမှုကို ဖြိုခွဲခဲ့တယ်။

- ၁၉၇၄ ဒီ/၆ ဦးသန့်စျာပန၊

- ၁၉၇၅ ဇွန်၊ အလုပ်သမားသပိတ်နှစ်လည်ကျောင်းသားလှုပ်ရှားမှုကို ဖြိုခွဲ/သတ်ဖြတ်ခဲ့တယ်။

၇။ ၁၉၇၆ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ရာပြည့်ကျောင်းသားလှုပ်ရှားမှုကို ဖြိုခွဲဖျက်ဆီး ခဲ့တယ်။

၈။ ၁၉၇၈/၁၉၈၂ ဗကပမြေအောက်လှုပ်ရှားမှုမှ တက်ကြွသူများကို ဖမ်းဆီးရမိ ထောင်ချပစ်ခဲ့တယ်။

၉။ ၁၉၇၆ ဇူလိုင် ၂၆ မှာ စစ်အစိုးရက စီမံလှုံ့ဆော်တဲ့ တရုတ်ဆန့်ကျင်ရေး လှုပ်ရှားမှုကြီး အကြီးအကျယ်ဖြစ်ခဲ့တယ်။

၁၀။ ၁၉၆၈/၇၅ ခုနှစ်အတွင်းမှာ ၁၉၆၈ ဗကပဥက္ကဋ္ဌ သခင်သန်းထွန်း လုပ်ကြံခံရခြင်း၊ ၁၉၇၅ မတ်လ (၁၅) ရက်နေ့မှာ ဗကပဥက္ကဋ္ဌ သခင်ဇင်နဲ့ သခင်ချစ်တို့ ကျဆုံးခဲ့ရတယ်။ ပဲခူးရိုးမ ဗကပအခြေခံဒေသ ပြိုကွဲသွားခဲ့ရတယ်။

၁၁။ ၁၉၇၆ မေလ ၁၆ မှာ ဗကပအရှေ့မြောက်စစ်ဒေသ/ ကျူခုတ်ပန်ဆိုင်း အရှေ့မြောက်စစ်ဒေသ ထူထောင်ကြောင်း၊ 'ပြည်သူ့အသံ'က ကြေညာတယ်။ ၁၉၈၉ ဧပြီ ၁၄ ရက်မှာ လူမျိုးစုတပ်ဖွဲ့များ ဗကပမှ ခွဲထွက်သွားခဲ့ကြပါတယ်။ ဗကပရဲ့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး ပြိုကွဲသွားကြောင်း VOA နဲ့ BBC သတင်းဌာနများက ထုတ်လွှင့်ပေးခဲ့ပါတယ်။ 'ဗကပ' ရဲ့ (POR) ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေး ပြိုကွဲသွားတဲ့ သတင်းစကားဟာ ပြည်တွင်းပြည်ပမှာ အကြီးအကျယ် ဂယက်ရိုက်ခတ်ခဲ့တယ်။ ဗကပရဲ့ လက်နက်ကိုင်တော်လှန်ရေး ပြိုကွဲမှုဟာ အထူးသဖြင့် ဗကပနိုင်ငံရေးအသိုက်အဝန်းနဲ့ စစ်အစိုးရအပါအဝင်၊ မြန်မာ့နိုင်ငံရေး အသိုက်အဝိုင်းအတွင်း အကြီးအကျယ် ဂယက်ရိုက်ခဲ့ပါတယ်။

၁၉၇၈/၁၉၈၉ နှစ် ၄၀ ကျော်ကာလအတွင်း ဗကပကိုယ်တိုင်

ကျင့်သုံးခဲ့တဲ့ ဝဲ/ယာ ပေါ်လစီအမှားများ ဟာ ဗကပရဲ့ LTS ရေရှည်တည်တံ့ရေးကို အဆုံးအဖြတ်ပြုမှာ မုချပါပဲ။ အမှားကျူးလွန်သူများ နဲ့ ပတ်သက်ပြီး မော်စီတုန်းက အရေးကြီးအချက် ၂ ချက် ပြောဘူးပါတယ်။ ၁။ အချက်က 'အတိတ်ကအမှားကို နောင်မမှားဖို့ သင်ခန်း စာယူ'ပါတဲ့ ။ ၂။ အချက်က 'လူနာကို ကယ်ဖို့ ရောဂါကိုထုတ်'တဲ့ ။ ဒီ ၂ ချက်က လူပေါ်သဘောထားနဲ့ မူပေါ်သဘောထားပါ။ ပါတီနဲ့ တော်လှန်ရေးသစ္စာဖောက် အများ စုကြီးက မော်စီတုန်းကို ကိုးကားပြီး သူတို့ ရဲ့ 'သစ္စာဖောက်မှု'ကို 'အမှား'များ နဲ့ ချေချင်၊ ထေချင်ကြပါတယ်။ 'မှားတာ'နဲ့ 'သစ္စာဖောက်တာ'ကို လုံးမချချင်ပါနဲ့ ။

မာ့က်စ်ဝါဒဟာ ဗမပြည်ကို ပထမကမ္ဘာစစ်ကြီးအတွင်းမှာ ရောရှိခဲ့တယ် ဆိုပါတယ်။ ဘယ်သူနဲ့ ဘယ်စာအုပ်/ ဘယ်ကျမ်းပါလာတယ်ဆိုတာ ခုထိ ခြေရာခံလို့ မရတတ်သေးပါဘူး။ သခင်နုဘာသာပြန်တဲ့ R.Page Arnot ရေးတဲ့ 'ရုရှားတော်လှန်ရေးသမိုင်းအကျဉ်းချုပ်'၊ 'နာဂါးနီစာအုပ်အသင်း'ထုတ် စာအုပ်စာရင်းမှာ တွေ့ရပါတယ်။ 'နဂါးနီ'စာအုပ်အသင်းကို ၁၉၃၇ ခုနှစ် နိုင်ဝင်ဘာ ၄ ရက်နေ့မှာ စုစည်းကြောင်း 'နိုင်ငံရေး'နဲ့ ဆိုင်တဲ့ စာအုပ် ၆၆ အုပ် ထုတ်ဝေကြောင်း တွေ့ရပါတယ်။ ဒီစာအုပ် ၆၆ အုပ်အတွင်း မာ့က်စ်ဝါဒ 'အဖွင့်'ကျမ်းတချို့ တွေ့ရပါတယ်။ ဥပမာ 'ဆိုရှယ်လစ်ဝါဒ နိဿယျည်း'လို စာအုပ်များ ပါဝင်တာ တွေ့ရပါတယ်။ မြန်မာမျိုးချစ်လူငယ်များ ဟာ 'ဒို့နိုင်ငံလွတ်လပ်အောင် ဘယ်လိုလုပ်ရမလဲ'ဆိုတာကို ကြံဆရင်း 'ဆိုရှယ်လစ်ဝါဒ နိဿယျည်း'ဆိုတဲ့ 'ကျမ်း'များကို လေ့လာရင်း 'မာ့က်စ်ဝါဒ'ဆိုတာကို တွေ့ကောင်း တွေ့နိုင်ကြပါတယ်။

၁၉၃၉ ဩဂုတ် ၁၅ မှာ ကွန်မြူနစ်ပါတီကို ဖွဲ့ပြီး ၁၉၄၀ မှာ ပြည်သူ့အရေးတော်ပုံပါတီကို ဖွဲ့ခဲ့ကြတယ်။ မြန်မာမျိုးချစ်များ ဟာ ကမ္ဘာ့နိုင်ငံရေးနဲ့ 'အဝေးကြီး' တော့ မဟုတ်ဘူး လို့ သဘောထားနိုင်ကြပါတယ်။ နှိုင်းနှိုင်းယှဉ်ယှဉ်ပြောရရင် 'အားလုံး နိုးကြားနေပြီ'လို့ ပြောနိုင်ပါတယ်။

'နဂါးနီ'စာအုပ်အသင်းဟာ ကျွန်ဘဝက လွတ်မြောက်ချင်တဲ့ မြန်မာမျိုးချစ် များ အတွက် 'ယုံကြည်မှုမျိုးစေ့' ချပေးနိုင်ခဲ့တယ်လို့ မှတ်ချက်ပေးချင်ပါတယ်။ လွတ်လပ် ရေးခေတ်ဦးရောက်တော့ ဦးလေးသခင်အုန်းမြင့်ရဲ့ 'ကျော်လင်း'စာနယ်ဇင်းဖြန့်ချိရေး၊ 'ဦးလေး သခင်ကျော်စိန်'ရဲ့ ပြည်သူ့စာပေကော်မတီစာအုပ်တိုက်များ ဟာ စာရေးသူတို့ နိုင်ငံရေးနိုးကြားစ လူငယ်ကျောင်းသားများ အတွက် ဗဟုသုတဟင်းလေးအိုးကြီးများ ပါပဲ။ ၆၀ ခုနှစ်လောက်ရောက်လာတော့ ချိုးဖြူ၊ ပုဂံ၊ နိုဘော့တနီနဲ့ စာအုပ်ဆိုင်များ တိုးလာပါတယ်။ အလင်းအကယ်ဒမီ စတဲ့ စာပေဖြန့်ချိရေးတိုးလာပါတယ်။ ဘာသာပြန် များ လည်း တိုးလာပါတယ်။ တရုတ်ထုတ် ပါတီ/ပါတီတွင်းတိုက်ပွဲ၊ ကွန်မြူနစ်ဖြစ်မြောက် ရေး စတဲ့ ဘာသာပြန်များ ၊ လီနင်ဝါဒအခြေခံများ ၊ ပြဿနာများ စတဲ့ ဘာသာပြန် ကျမ်းရင်းများ ၊ နိုင်ငံတော်နဲ့ တော်လှန်ရေး စတဲ့ ဘာသာပြန်မာ့က်စ်ဝါဒကျမ်းများ ဝယ်လို့ ရနေပါပြီ။ စာအုပ်စင်မှာ မာ့က်စ်ဝါဒဘာသာပြန်ကျမ်း အနည်းဆုံးတစ်အုပ်တလေ မရှိတဲ့ သူ ရှားပါတယ်။ မာ့က်စ်ဝါဒလေ့လာရေးဟာ အဲဒီကာလရဲ့ လှုံ့ဆော်မှုတစ်ခုပါပဲ။ ဒါဟာ ၆၀ ခုလောက်ပါပဲ။ ချိုးဖြူ၊ ပုဂံစာအုပ်တိုက်များ ဟာ လိုတာ ရနိုင်ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်လည်း ရှိတယ်။ လက်ဝဲအတိုက်အခံလည်း ရှိတယ်။

၂ . ၃ . ၆၂ ကာလတစ်ခုလုံးမှာ ပါတီစုံဒီမိုကရေစီစနစ်ရှိတယ်။ လူထု လူတန်းစားတိုက်ပွဲများ လည်း ရှိတယ်။ စာနယ်ဇင်းလွတ်လပ်မှု ရှိတယ်။ လူထုလူတန်းစား တိုက်ပွဲများ ရှိတယ်။ အခြေခံဒီမိုကရေစီအခွင့်အရေးများ ရှိတယ်။ အလုပ်သမား/ လယ်သမား/ လူငယ်အမျိုးသမီးသမဂ္ဂများ ရှိတယ်။ လှုပ်ရှားမှုများ ရှိတယ်။ စာပေအနု ပညာ၊ တေးဂီတ၊ ပန်းချီပြန်းပု၊ ပန်းဆယ်မျိုးလှုပ်ရှားမှုများ ရှိတယ်။ စိန်မဟာသဘင် ဦးဖိုးစိန်၊ ဦးအောင်မောင်း၊ ရွှေမန်းသဘင် စတဲ့ ဇာတ်ကြီးများ ရဲ့ လှုပ်ရှားကပြမှုများ ရှိတယ်။ စာရေးဆရာ၊ ကဗျာဆရာတို့ ရဲ့ စာပေလှုပ်ရှားမှုများ ရှိတယ်။ ကျောင်းသားများ /ကျောင်း သားသမဂ္ဂများ ရဲ့ ဒီမိုကရေစီပညာရေးလှုပ်ရှားမှုများ ရှိတယ်။ ပြည်တွင်းငြိမ်းချမ်းရေး၊ အဏုမြူစစ်တားဆီးရေး၊ လက်နက်ဖျက်သိမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး၊ ပြည်တွင်းငြိမ်းချမ်း ရေး လှုပ်ရှားမှုကို 'သူမနာ၊ ကိုယ်မနာတဲ့ နည်း'နဲ့ ရယူကြဖို့ ဆရာကြီးသခင်ကိုယ်တော်မှို င်း ကိုယ်တိုင် ဦးစီးလှုံ့ဆော်ခဲ့တယ်။ ဒါပေမဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ ပြည်တွင်း ငြိမ်းချမ်းရေးကို မြင်မသွားခဲ့ရပါဘူး။ ဆရာကြီးက 'ဆရာမသေခင် ငြိမ်းချမ်းရေးရတာကို ဆရာမြင်သွားချင်တယ်'လို့ မကြာခဏပြောခဲ့ပါသတဲ့ ။

ဒုတိယကမ္ဘာစစ်ကြီးပြီးလို့ ရန်ကုန်တက္ကသိုလ်ကို ပြန်တက်ခွင့်ရခဲ့ကြတဲ့ Unionist သမဂ္ဂဝင်ကျောင်းသားကြီးများက ၁၉၃၆ ခုနှစ်မှာ ဖွဲ့စည်းခဲ့ကြတဲ့ All Burma Students' Union (ABSU) ဗမာတစ်နိုင် ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂကို All Burma Federation of Students' Union' အဖြစ် ဗမာတစ်နိုင် ငံလုံးဆိုင်ရာ

ကျောင်း သားသမဂ္ဂများ အဖွဲ့ချုပ် (ဗကသများ အဖွဲ့ချုပ်) အဖြစ် ၁၉၅၁ ခုနှစ် ဩဂုတ် လ ၁၅ ရက်နေ့မှာ ပြောင်းလဲဖွဲ့စည်းလိုက်ကြပါတယ်။ 'ဗကသများ အဖွဲ့ချုပ်'လို့ သုံးစွဲခေါ် ဝေါ်ခဲ့ကြပါတယ်။ ဗကသများ အဖွဲ့ချုပ်ရဲ့ ဖွဲ့စည်းပုံကိုလည်း ပြင်ဆင်ရေးဆွဲခဲ့ကြတယ် ဆိုပါတယ်။

စစ်ကြီးပြီးတော့ လွတ်လပ်ရေးရလာတော့ ၁၉၅၃ ခုနှစ်အတွင်းမှာ ဗကသများ အဖွဲ့ချုပ်ရဲ့ 'တတိယကွန်ဂရက်'ကို ''အင်းလျားကန်စောင်း၊ ကု က္က ို ု င်း မှာ ရှိတဲ့ 'ဝေဠုဝန်ဘုန်းကြီးကျောင်းတိုက်'မှာ ကျင်းပခဲ့ကြပါတယ်။ အဲဒီကာလမှာ ရန်ကုန် တက္ကသိုလ်(တကသ)မှာ 'အောက်တိုဘာကျောင်း တစ်လပိတ်ရေး'သပိတ်တိုက်ပွဲ ဆင်နွှဲနေချိန်ဖြစ်တာကြောင့် သွားလာလှုပ်ရှားမှု ကျပ်တည်းလှတယ်ဆိုပါတယ်။ (တကသ) ကျောင်းသားနဲ့ (ဗကသ) ကျောင်းသား ခဏခဏ မှားပြီး ဖမ်းတာကြောင့် ကမာရွတ်ရဲစခန်းမှာ မကြာခဏ သွားသွားပြီး ညီလာခံကိုယ်စားလှယ်ကျောင်းသားများကို ကမာရွတ်ဂိတ်ထဲမှာ ထုတ်ပြောရတယ်ဆိုပါတယ်။

ဗကသ များ အဖွဲ့ချုပ်ရဲ့ 'တတိယကွန်ဂရက်' မှာ ABSU ကို ABFSU, All Burma Federation of Students' Union အဖြစ် ပြောင်းလဲ သုံးနှုန်းစေခဲ့ပါတယ်။ စာရေးသူဟာ ABFSU ရဲ့ ဆမြအကြိမ်/၆ ကြိမ်မြောက် ဗကသများ အဖွဲ့ချုပ် ညီလာခံကွန်ဂရက်မှ ရွေးကောက်တင်မြောက်ခံရတဲ့ အတွင်းရေးမှူး ၆ ယောက်ထဲမှာ တစ်ယောက်ဖြစ်ပါတယ်။ ဗကသများ အဖွဲ့ချုပ်ရဲ့ သဘာပတိအဖွဲ့ Presidium မှာ အဖွဲ့ဝင် ၆ ဦး၊ အတွင်းရေးမှူးအဖွဲ့ Secretariat ၆ ဦးရှိပါတယ်။ သဘာပတိအဖွဲ့ဝင် ၆ ဦးရှိပါမယ်။ ဒီ ၂ ဖွဲ့မှ တစ်ဦးစီပါတဲ့ ၂ ယောက်နဲ့ ဌာနတစ်ခုမှာ ဥက္ကဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦးပါတဲ့ Main E .C လုပ်ရပါမယ်။ ဒီတော့ ဗကသများ အဖွဲ့ချုပ်ဗဟိုမှာ

သဘာပတိအဖွဲ့ဝင် ၆ ဦး၊ အတွင်းရေးမှူးအဖွဲ့ဝင် ၆ ဦး ရှိပါမယ်။ (ဒါဟာ သာမန် အခြေအနေမှာ တာဝန်ခွဲဝေပုံပါပဲ)။

၁၉၆၀၊ ဗကသများ အဖွဲ့ချုပ် ၆ ကြိမ်မြောက် E .C အမှုဆောင်အဖွဲ့ စုဖွဲ့ ပုံပါ။ ၁၉၅၁ ညီလာခံမှာ ဗကသများ အဖွဲ့ချုပ်ကို 'N . U . of S' နိုင်ငံလုံးဆိုင်ရာ အမျိုးသားသမဂ္ဂကြီးအဖြစ် ဆမြ ၆ ကြိမ်မြောက်ညီလာခံမှာ အတည်ပြုခဲ့တာ ဖြစ်ပါတယ်။

စစ်ကြီးပြီးတဲ့ အခါ 'ဗကသများ အဖွဲ့ချုပ်'ဟာ ချက်ကိုစလိုဗားကီးယား (ချက်) မှာ ရှိတဲ့ 'International Unions of Students, I.U.S ကမ္ဘာ့ကျောင်း သားသမဂ္ဂများ အဖွဲ့ချုပ်ရဲ့ 'အဖွဲ့ဝင်'နိုင်ငံနဲ့ သမဂ္ဂကြီးဖြစ်ပါတယ်။ I . U . S အဖွဲ့ဝင်ဖြစ်တဲ့ ဗကသများ အဖွဲ့ ချုပ်တည်ရှိရာ 'ဗမာပြည်ကို ချက်၊ ဂျပန်၊ တရုတ် စတဲ့ နိုင်ငံများမှ အမျိုးသားသမဂ္ဂကြီး များ ရဲ့ ကိုယ်စားလှယ်များ ၊ ရောက်ခဲ့ဖူးကြပါတယ်။

၁၉၅၈/၅၉ ခုနှစ်အတွင်း တရုတ်ပြည်၊ ပီကင်းမြို့တော်မှာ ကျင်းပတဲ့ ပဥ္စမအကြိမ်(၅ ကြိမ်မြောက်) I.U.S ညီလာခံသို့ ဗကသများ အဖွဲ့ချုပ် ဥက္ကဋ္ဌ ကိုဇော်ဝင်းနဲ့ ဒုဥက္ကဋ္ဌ ကိုသက်တို့ ဟာ လူမျိုးစုကျောင်းသားတချို့နဲ့ အတူ တရုတ်နိုင်ငံ ပီကင်းမြို့တော်သို့ သွားရောက်ခဲ့ကြပါတယ်။ ညီလာခံမှာ ဗကသဥက္ကဋ္ဌ ကိုဇော်ဝင်း စကားပြောခွင့်ရ ခဲ့ပါတယ်။ အဲဒီကာလ World Trend က လက်နက်ဖျက်သိမ်းရေး၊ အဏုမြူစစ်ပွဲ ဆန့်ကျင်ရေးပါ။

ဗကသများ အဖွဲ့ချုပ်ဟာ ၁၉၅၃ မှာ တတိယအကြိမ် ဝေဠုဝန်ညီလာခံ၊ ၁၉၅၆ ဗကသ၊ စတုတ္ထညီလာခံ၊ ၁၉၆၀ အောက်တိုဘာ မှာ ဆဋ္ဌမအကြိမ်ညီလာခံ ဟာ လွတ်လပ်ပြီးခေတ်

မြန်မာနိုင်ငံကျောင်းသားလှုပ်ရှားမှုသမိုင်းမှာအရေးပါတဲ့ ညီလာခံတစ်ခုဖြစ်ပါတယ်။ ညီလာခံက ဗကသများ အဖွဲ့ချုပ်ဟာ မြန်မာနိုင်ငံရဲ့ အခွင့်အာဏာအရှိဆုံး အမျိုးသားသမဂ္ဂကြီး The National Students Union of Burma လို့ သတ်မှတ်ပါတယ်။ ဒီအချက်ကို ချက်ကိုစလိုဗေးကီးယားမှာရုံးထိုင်တဲ့ I . U . S (International Unions of Students ) ကမ္ဘာ့ကျောင်းသား သမဂ္ဂအဖွဲ့ချုပ်ရဲ့ အဖွဲ့ဝင်အမျိုးသားသမဂ္ဂကြီးဖြစ်တယ်။ မြန်မာနိုင်ငံအတွင်းရှိ ရှိရှိသမျှ ကျောင်းသားသမဂ္ဂ များ ရဲ့ မိခင်သမဂ္ဂကြီးဖြစ်ပါတယ်။ တက္ကသိုလ်/ကောလိပ်နဲ့ ကောလိပ်များအားလုံးရဲ့ မိခင်သမဂ္ဂကြီး ဖြစ်ပါတယ်။ တက္ကသိုလ်/ ကောလိပ်နဲ့ အသက် မွေးဝမ်းကြောင်း ပညာသင်/သမဂ္ဂများ ဟာ ABFSU နဲ့ ဆက်သွယ်ရပါမယ်။ ဗကသများ အဖွဲ့ချုပ် ဖွဲ့စည်းပုံမှာ (Afficiated Unions) ဗကသများ အဖွဲ့ချုပ်နဲ့ ဆက်သွယ်ထားသော သမဂ္ဂများ ဖြစ်ပါတယ်။ ဗကသများ အဖွဲ့ချုပ်ဟာ ပေါ်လစီအာဏာပိုင်သမဂ္ဂကြီး ဖြစ်ပါ တယ်။

ဗကသများ အဖွဲ့ချုပ်ညီလာခံကို ပုံမှန်အားဖြင့် ၄ နှစ်တစ်ကြိမ် ကျင်းပရပါမယ်။ မြို့နယ်/ခရိုင်နဲ့ တက္ကသိုလ်/ကောလိပ်/ အသက်မွေးဝမ်းကျောင်းပညာသင်/ ဥပမာ ဆေး၊ သစ်တော၊ စိုက်ပျိုး စတဲ့ တက္ကသိုလ်ကောလိပ်များ ဟာ ခရိုင်/မြို့နယ်များ ထက် ညီလာခံကိုယ်စားလှယ် အရေအတွက် ပိုစေရပါမယ်။ ညီလာခံများကို သမဂ္ဂအရွယ်အစား အလိုက် အချိုးညီစေရပါမယ်။ ၆ ကြိမ်မြောက် (ဆဋ္ဌမအကြိမ်) ဗကသညီလာခံမှာ ဗကသများ အဖွဲ့ချုပ် ဖွဲ့စည်းပုံအချို့ကို အခြေအနေနဲ့ ညီညွတ်အောင် ပြင်ရပါတယ်။ ဗကသများ အဖွဲ့ချုပ် ဖွဲ့စည်းပုံကို နည်းနည်းပြင်ရပါတယ်။

၁၉၅၁ စစ်ပြီးစ ညီလာခံမှာ ABSU မှ ABFSU သို့ ပြောင်းခဲ့ပါတယ်။ ဆ ၄ မ ညီ လာ ခံ မှာ ဗကသများ အဖွဲ့ချုပ်ဟာ 'အမျိုးသားသမဂ္ဂကြီး'ဖြစ်ကြောင်း ကြေညာခဲ့ တယ်။ ဗကသများ အဖွဲ့ချုပ်ဟာ . . . .

၁။ ၁၉၅၃ အောက်တိုဘာကျောင်းတစ်လပိတ်ရေးအရေးတော်ပုံမှာ ဖဆပလ အစိုးရက ဖွဲ့စည်းပေးထားတဲ့ DSO ကျောင်းသားအဖွဲ့ (ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း ကိုယ်တိုင် စီမံခန့်ခွဲခဲ့တဲ့ )ကို 'တိုးတက်သော ကျောင်းသားများ အင်အားစုနဲ့ 'ခံ'တိုက် ခဲ့ရတယ်။ ကျောင်းသားများ ရာချီပြီး အဆောင်မှ ထုတ်ပယ်ခံခဲ့ရပါတယ်။

၂။ ဗကသများ အဖွဲ့ချုပ်ဟာ ၁၉၃၆ မှာ တကသဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့တဲ့ ဝန်ကြီးချုပ် သခင်နုက '၁၉၅၆'မှာ ကျောင်းသားသမဂ္ဂများ ကျောင်းထဲမှာ မရှိရ၊ မလှုပ်ရှားရလို့ 'သမဂ္ဂပိတ်ပင်မှု'ဆန့်ကျင်ရေး ကျောင်းသားလှုပ်ရှားမှု ဖြစ်ခဲ့တယ်။ ကျောင်းသားများ ရာချီပြီး ကျောင်းထုတ်ခံခဲ့ရတယ်။ ကျောင်းသားသမဂ္ဂများက ကျောင်း တွင်း/ကျောင်းပြင် 'သမဂ္ဂတည်တံ့ခိုင်မြဲရေးတိုက်ပွဲ' ဆင်နွှဲခဲ့ကြရတယ်။

### ၃။ ဟယ်ရီတန် ကျောင်းသားအရေးတော်ပုံ။

၁၉၅၆ မတ်လဆန်းမှာ 'သတ္တမတန်း စာမေးပွဲမေးခွန်း ပေါက်ကြားမှုကြောင့် စာမေးပွဲပြီးတဲ့ အခါ ကျောင်းသားများက 'သတင်းဖော်ပြတဲ့ ' ဗမာ့ခေတ်သတင်းစာတိုက်ကို ဝင်ရောက်ပြီး စာစီခုံများကို မှောက်လှန်ပစ်ခဲ့တယ်။ ပုလိပ်အရှိ ဦးပါစီမြမောင်က ခြောက်လုံးပြူးနဲ့ ပစ်ခတ်လူစုခွဲရာမှာ သတ္တမတန်းကျောင်းသား ဟယ်ရီတန် ကျဆုံးရမှု ကြောင့် 'ဟယ်ရီတန်အရေးတော်ပုံ'

ဖြစ်ခဲ့ရတယ်။ ဗမာ့ခေတ် သတင်းစာတိုက်ရှေ့မှာ သမဂ္ဂများက ဟယ်ရီတန်ကျောက်တိုင် စိုက်ထူခဲ့တယ်။ ၁၉၆၃ ငြိမ်းချမ်းရေးဒိုင်ယာလော့ဂ် ပျက်တဲ့ အခါ မဆလစစ်အစိုးရက ၁။ ဟယ်ရီတန်ကျောက်တိုင်၊ ၂။ 7 th July အထိမ်းအမှတ်ကျောက်တိုင်၊ ကျောင်းသားသမဂ္ဂများ နဲ့ ဒီမိုကရေစီလိုလားသူများ ကူညီ တည်ဆောက်ပေးခဲ့တဲ့ သမဂ္ဂအဆောက်အဦ ဝါးတဲကြီး၊ ၃။ နိုင်ငံတော်ဘဏ်ဟောင်း ကြီးရှေ့ ကမ်းနားလမ်းဘက် ပိတောက်ပင်နေရာမှာ ရှိတဲ့ BTUC အလုပ်သမားသမဂ္ဂ အဖွဲ့ချုပ်က စိုက်ထူထားတဲ့ 'မေဒေးနေ့ အထိမ်းအမှတ်ကျောက်တိုင်'တို့ ကို ဖြိုချဖျက် ဆီးပြီး ရန်ကုန်မြစ်ထဲ 'ချပစ်'ခဲ့တယ်ဆိုပါတယ်။ သမိုင်းကို ဒီနည်းမျိုးနဲ့ ဖျက်လို့ မရတတ် ဘူးဆိုတာကို မဆလစစ်အာဏာရှင် ဗိုလ်ချုပ်ကြီးနေဝင်း မကွယ်လွန်ခင် သိများ သွားရင် ဘယ်လိုများ နေမလဲလို့ စဉ်းစားကြည့်မိပါတယ်။ 'အာဏာရှင်လက်သစ်များ 'ကကော 'သမိုင်းဆိုတာ သူ့သဘောသူဆောင်တယ်'ဆိုတာ '၂၀၁၅ နိုဝင်ဘာရွေးကောက်ပွဲ ရလာဒ်ကတဆင့်' သိချင်ရင် သိနိုင်ကောင်းရဲ့ လို့ အတွေးရောက်မိပါတယ်။

## ၄။ ၁၉၆၀ တန်းခွဲ တန်းချတိုက်ပွဲ

ဝန်ကြီးသခင်နုရဲ့ (ပထစ) ပါတီအစိုးရလက်ထက်မှာ ၁၀ တန်းစာမေးပွဲ အောင်စာရင်းထွက်ပြီး ကျောင်းပြန်ဖွင့်ခါနီးမှာ ဒီနှစ်ဆယ်တန်းစာမေးပွဲ အောင်စာရင်း ထွက်ပြီး ၁၀ တန်းစာမေးပွဲ ကျရှုံးသူများ ဟာ လာမဲ့ပညာသင်နှစ်မှာ ၉ တန်းစာမေးပွဲ ဖြေဆိုကြရမယ်လို့ ပညာရေးဝန်ကြီးဌာနက ကြေညာချက် ထုတ်ပြန်ပါတယ်။ ဒီထုတ်ပြန် ချက်ဟာ ပထစပညာရေးဝန်ကြီးဌာနက ပဒူအံ့ကို တုတ်နဲ့ ဆွတဲ့ ကြေညာချက်ပဲလို့ ဗကသများ အဖွဲ့ချုပ်က

ထုတ်ပြန်တဲ့ (ပထစ အစိုးရရဲ့ ဒီကျေညာချက်ဟာ) ဒီနှစ်ဆယ်တန်းမအောင်ရုံမက လာမဲ့ပညာသင်နှစ်မှာ ထိုင်နေရင်း အတန်းတစ်တန်း အချခံရတာကြောင့် အထက်တန်းကျောင်းသားထုကြီးတခုလုံးဟာ အကြီးအကျယ် ပေါက်ကွဲကုန်ကြပါတယ်။ နိုင်ငံရေးပါတီများ ၊ ပညာရှင်များ ၊ ကျောင်းသားသမဂ္ဂကြီးများက ဒီအပြုအမူဟာ 'ပထစအစိုးရ၊ ပညာရေးဝန်ကြီးဌာနရဲ့ ကမောက်ကမနိုင်ပုံကို ဖော်ပြ တာဖြစ်တယ်'လို့ ရှုံ့ချပစ်တင်ခဲ့ပါတယ်။

ဗကသ၊ တကသ၊ ကျောင်းသားညီညွတ်ရေးတပ်ဦး၊ ရကသ/ ရန်ကုန်ခရိုင် ကျောင်းသားများ သမဂ္ဂ၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်သမဂ္ဂများ ၊ မကွေးကောလိပ်၊ ပုသိမ်ကောလိပ်၊ ကျောက်ဖြူကောလိပ်သမဂ္ဂများ ၊ ရန်ကုန်သက်ကြီးတက္ကသိုလ် စတဲ့ ကျောင်းသားသမဂ္ဂများက ပထစအစိုးရရဲ့ ပညာရေးစနစ် ကမောက်ကမနိုင်ပုံကို ရှုံ့ချပစ် တင်ကြပါတယ်။ ကျောင်းသားများ ဟာ ၁၀ တန်းကျရုံသာမက လာမဲ့ပညာသင်နှစ်မှာ ၉ တန်း စာမေးပွဲဖြေရမယ်ဆိုတဲ့ ပထစအစိုးရရဲ့ ပညာရေးစနစ်ကို 'ကမောက်ကမပညာ ရေးစနစ်'အဖြစ် ရှုံ့ချကန့်ကွက်ခဲ့ကြပါတယ်။ ပထစအစိုးရက သူတို့ ဆုံးဖြတ်ချက်ကို မပြင်တော့ပဲ နောက်ဆက်တွဲစာမေးပွဲအောင်စာရင်း (နည်းနည်း ထုတ်ပေးခဲ့တာမှ တပါး သူ့ ကမောက်ကမပညာရေးစနစ်) ကို ပြင်မပေးခဲ့တောပါ။ သမဂ္ဂကြီး ၃ ခု (ဗကသ၊ တကသ၊ ရကသ) တို့ က ပထစအစိုးရရဲ့ ပညာရေးစနစ်ဟာ ကျောင်းသားများ ရဲ့ ဘဝလုံခြုံရေးကို အာမခံချက်မပေးနိုင်တဲ့ 'အနှစ်မပါ'ဗလာပညာရေးစနစ်သာ ဖြစ်ကြောင်း ရှုံ့ချခဲ့ပါတယ်။ 'ကမောက်ကမပညာရေးစနစ်'လို့

ကျောင်းသားသမဂ္ဂကြီးများက 'နာမည် ပေး ကင်ပွန်းတပ်တာ'ကို ဝန်ကြီးချုပ် သခင်နုက အလွန်မကျေနပ်ကြောင်း ရင်းနှီးတဲ့ စာနယ်ဇင်းဆရာတစ်ဦးက စာရေးသူတို့ ကျောင်းသားခေါင်းဆောင်များကို ပြောခဲ့ပါတယ်။ အိမ်မှာ၊ ကျောင်းမှာ ၊ ထိုင်နေရင်း အတန်းတစ်တန်းကျတာကို ဘယ်လိုကျောင်းသား မျိုးကမှ ဝမ်းသာကျေနပ်နေမယ်မထင်ပါဘူး။

၁၉၄၈/၄၉ မှ ၁၉၅၉ ခုနှစ်အတွင်းမှာ ကျောင်းသားသမဂ္ဂကြီးများက 'ပထမအကြိမ် ကျောင်းသားများ ရဲ့ ပညာရေးနှီးနှောဖလှယ်ပွဲကြီး'ကို ၁၉၅၉ ခုနှစ် ဩဂုတ်လအတွင်းမှာ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ ကျင်းပပါတယ်။ ကျောင်းသားကိုယ်စားလှယ် စုစုပေါင်း ၃၀၀ ကျော် တက်ရောက်ခဲ့ကြတယ်လို့ မှတ်မိပါတယ်။

ဒီကနေ့ ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၇/၈/၉ ရက်နေ့များကနေ ပြန်ကြည့်ရင် နှစ်ပေါင်း ၆၀ နီးပါးရှိပါပြီ။ စာရေးသူတို့ လူ့သက်တမ်းပင် ရှစ်ဆယ်တန်းအတွင်း ဝင်နေပါပြီ။ ဒါပေမဲ့ စာရေးသူတို့ နိုင်ငံ ပညာရေးစနစ်ဟာ ခန့်မှန်းမေးခွန်းကို အလွတ်ကျက် ဖြေ အောင်လို့ ၃ ချိုး တစ်ချိုးပါပဲ။ စာရေးသူတို့ ကျောင်းသားသမဂ္ဂကြီးများက ပြင်ပပညာရှင်ကြီးများက တာဝန်ခံပြုစုပေးတဲ့ ပညာရေးစာတမ်းပေါင်း မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ပညာရေး၊ အသက်မွေးဝမ်းကြောင်းပညာ/ ပညာရေးမူဝါဒများ ၊ ပညာရေးလွတ်လပ်ခွင့်၊ သက်ကြီးပညာရေး၊ စာမေးပွဲစနစ် စတဲ့ အကြောင်းအရာများ / Subject Matter များကို ကော်မရှင်ဖွဲ့ပြီး ဆွေးနွေးကြပါတယ်။ မြန်မာ့ပညာရေးစနစ်ဟာ အဲဒီစဉ်က ၁၉၅၉ ခုနှစ်က စာရေးဝန်ထမ်း ထုတ်ပေးတဲ့ အဆင့်ပဲ ရှိပါတယ်။ ဒီဂရီထူးများများ နဲ့ ဆယ်တန်းအောင်တာကို မင်္ဂလာ ယူနေရတဲ့

စာမေးပွဲစနစ်ကို ကိုယ်စားပြုထားတဲ့ ပညာရေးစနစ်နဲ့ ခေတ်မီနိုင်ငံ ဘယ်လိုထူ ထောင်ကြမှာ ပါလဲ။ သူများ တွေ ပြေးနေကြချိန်မှာ မိမိတို့က အိပ်ကောင်းတုန်း ဖြစ်နေရပါတယ်။ 'ပညာရေးကို ထုတ်လုပ်ရေးနဲ့ ပေါင်းစပ်ပေးရမယ်'ဆိုတာဟာ ၂၀ ရာစုကမ္ဘာရဲ့ ပညာရေး ရည်မှန်းချက်ပါ။ ၂၁ ရာစုကမ္ဘာရဲ့ ပညာရေးက 'သိပ္ပံနဲ့ နည်းပညာနယ်ပယ်မှာ ကိုယ့်နိုင်ငံရဲ့ အဆင့်အတန်းက ဘယ်မှာ လဲ။

ခန့်မှန်းမေးခွန်းပြုစုဂိုဏ်း များများ ရအောင်လုပ်။ ဒီပညာရေးပုံစံက ၆၀ ခုနှစ် လောက်က ပုံစံ။ အခု ၂၀၁၆ အထိ အလွတ်ကျက်ခိုင်းတုန်း။ ခန့်မှန်းမေးခွန်းနဲ့ စာမေးပွဲခန်းထဲက မေးခွန်း ထပ်တူကျမကျဆိုတဲ့ ပညာရေးသိဝရီက ကမ္ဘာမှာ မရှိတော့ ပါဘူး။ ကမ္ဘာကြီးက Space Tehnology ကို ကြံဆနေချိန်မှာ စာရေးသူတို့ က ခန့်မှန်းမေးခွန်းနောက်လိုက်ရတဲ့ 'ပညာရေးပုံစံကို မပြင်ရင် စာရေးသူတို့ ဟာ တဖြည်းဖြည်း ခေတ်မီဖွံ့ဖြိုး နေတဲ့ ပစ္စက္ခကမ္ဘာကြီးနဲ့ ဝေးသည် ထက် ဝေးသွားဖို့ သာ ရှိပါတယ်။

၁၉၅၉၊ ဩဂုတ်လ 'ပညာရေးနှီးနှောဖလှယ်ပွဲ' တက်လာကြတဲ့ ကျောင်းသား ကိုယ်စားလှယ်များကို ဝန်ကြီးချုပ်သခင်နုက သူ့ရုံးခန်းကို ဖိတ်ပြီး ညစာစားပွဲနဲ့ ဧည့်ခံ ခဲ့တယ်။ ညစာစားပွဲ မကျင်းပမီ ကျောင်းသားများက ၅၉ ဩဂုတ်လ၊ ကျောင်းသားများ ရဲ့ ပထမအကြိမ် ပညာရေးနှီးနှောဖလှယ်ပွဲစာတန်းများ ဖိုင်တွဲကို ဝန်ကြီးချုပ်ထံ ပေးအပ်ခဲ့ ပါတယ်။ ဒီအခမ်းအနားမှာ ဝန်ကြီးချုပ်သခင်နု၊ ဗကသများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုဇော်ဝင်း၊ တကသဥက္ကဋ္ဌ (ပထမအကြိမ် ကျောင်းသားများ ရဲ့ ပညာရေးဖလှယ်ပွဲကျင်းပရေး ကော်မီတီ ဥက္ကဋ္ဌ) ဦးစိုးသိန်းတို့ စကားပြောပါတယ်။ ဝန်ကြီးချုပ်က သူ့အကြံပေး ဦးအုန်းကို အရင်လေ့လာခိုင်းမယ်လို့ ပြောပါတယ်။

'အခု မင်းတို့ အလုပ်က တို့ အစိုးရ အဖွဲ့က လုပ်ရမှာ ပါ။ အခု မင်းတို့ ကျောင်းသားတွေ လုပ်တာကို ငါ မင်းတို့ ကို ကျေးဇူးတင်ပါတယ်'လို့ ဝန်ကြီးချုပ်က ပြောပါတယ်။ မူဝါဒစာတန်းမှာ ပညာရေးစနစ်ဟာ (၁) National (၂) Scientific (၃) Popular ဖြစ်ရမယ်ဆိုတာကောင်းပါတယ်လို့ ပြောပါတယ်။ လုပ်ကြတာပေါ့ကွာလို့ ပြောပါတယ်။

ဒီ နှီး နှော င် ဖ လှ ယ် ပွဲ စာ တ န်း ထဲ မှာ 'ကျောင်းသားသမဂ္ဂ'စာတန်း ပါပါတယ်။ စာတမ်းထဲမှာ အစိုးရများ ဟာ ကျောင်းသားသမဂ္ဂများ အ ပေါ် မှာ အမြဲပဲ ရန်လိုကြတယ်။ သမဂ္ဂတည်တံ့ခိုင်မြဲရေးကို အမြဲခြိမ်းခြောက်တယ်။ ၁၉၅၆ ဖဆပလ အစိုးရက ကျောင်းထဲမှာ ကျောင်းသားသမဂ္ဂ မရှိရဘူး။ ကျောင်းကောင်စီပဲရှိရမယ်လို့ လုပ်လာပြန် ပါတယ်။ အမှန်ပဲ။ ''ဘဘတို့ က ကျောင်းသားသမဂ္ဂကို အမြဲရန်လိုတယ်လို့ ဗကသ ဥက္ကဋ္ဌဖော်ဝင်းက ဝန်ကြီးချုပ် ဦးနုကို ထပ်ပြောပါတယ်။ မြန်မာနိုင်ငံသမိုင်းမှာ ဒီကနေ့ ညစာစားပွဲဟာ 'သမိုင်းတွင် မဲ့ ညစာစားပွဲ'ပဲလို့ တကသ ဥက္ကဋ္ဌ (၁၉၅၉) ဦးစိုးသိန်းက ပြောခဲ့ပါတယ်။ အစိုးရတွေဟာ ကျောင်းသားတွေကို အမြဲသွေးခွဲတယ်။ အစိုးရလက်ကိုင်တုတ်သမဂ္ဂ ဖော်ထုတ်ဖို့ အမြဲလုပ်တယ်။

ဒီကနေ့လည်း 'ဗကသ'နဲ့ 'နကသ'သွေးခွဲနေတယ်။ (ဒါမျိုးကို ပြည်ထဲရေး ဝန်ကြီး ဦးကျော်ငြိမ်း အမြဲလုပ်တယ်။ အခုလည်း 'နကသ'နဲ့ 'ဗကသ'ကို သွေးခွဲ လာပါတယ်။ DSO ရဲခေါင် အခု နကသ ပေါ့။ ဒီမိုကရေစီအစိုးရ ဟုတ်မဟုတ်ဆိုတာ အပြောမကြည့်ဘဲ 'ဘာလုပ်လဲ'ဆိုတာ ကြည့်ရမှာ ပါပဲ။ 'အင်္ဂလိပ်က ဒို့ဗမာတွေကို အမြဲသွေးခွဲတယ်။ သွေးခွဲတာ အင်္ဂလိပ်အလုပ်ကွ'လို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ပြောခဲ့ဘူးပါတယ်။

စာရေးသူက 'ဇူလိုင်သွေးစီးကြောင်းများ 'နဲ့ '၈၈ ဩဂုတ်လ သွေးစီးကြောင်း များ ဟာ 'တကသ'ရင်ပြင်မှာ ပေါင်းစည်းခဲ့ကြပြီလို့ ပြောကြားခဲ့ပါတယ်။ စာရေးသူဟာ ပီသုံးလုံးဥက္ကဋ္ဌ ဦးခင်မောင်မြင့်ဦးစီးတဲ့ 'စစ်ပြီးခေတ်နဲ့ လွတ်လပ်ရေးခေတ်ကျောင်းသား ခေါင်းဆောင် ဟောင်းများ (အစု) နာမည်နဲ့ ရှစ် (၄) လုံး လူထုအရေးတော်ပုံကြီးအတွင်း ပါဝင်ခဲ့တယ်။ (ဒမဖတပ်ပေါင်းစုနဲ့ ၄၁ ပါတီတပ်ပေါင်းစု (ဒီ/ချုပ် ပါ ပါဝင်တဲ့ )နဲ့ အာဏာဖီဆန်ရေးလှုပ်ရှားမှုအတွင်း ပါဝင်ခဲ့ကြတာကြောင့် ဦးခင်မောင်မြင့် ပီသုံးလုံး ဥက္ကဋ္ဌ၊ ဒမဖသဘာပတိအဖွဲ့ဝင် ဦးလှရွှေနဲ့ ၊ အနယ်နယ်ရှိ ပီသုံးလုံး C .C များအားလုံးကို ဖမ်းဆီးပြီး ပုဒ်မ ၅ (ည) နဲ့ ထောင်/၇ နှစ်စီ ပြစ်ဒဏ်ချပါတယ်။ ပီသုံးလုံးဥက္ကဋ္ဌ ဦးခင်မောင်မြင့်ကို ၄၈၂၈ ရဲဘော်များ နဲ့ အမှုတွဲပြီး အနှစ် ၂၀ ပြစ်ဒဏ်ချပါတယ်။ ဦးခင်မောင်မြင့်ဟာ ၁၆ . ၂ . ၈၉ မှာ အစာအိမ်ကင်ဆာနဲ့ ထောင်ထဲမှာ ကျဆုံးခဲ့ရပါ တယ်။ ၁၉၈၉ ဇူလိုင်ကစပြီး အာဏာဖီဆန်ရေးလှုပ်ရှားမှုအတွင်း ဒီမိုကရေစီရေး တက်ကြွသူ လူ ၅၀၀ လောက်ကို ဖမ်းဆီးပြီး ပုဒ်မ ၅ (ည) ပုံနှိပ်-၁၇/၂၀၊ ပုဒ်မ-၁၇ (၁) (၂) ကပ်ပြီး စစ်ခုံရုံးက အနှစ် ၂၀ စီ ပြစ်ဒဏ်ချခဲ့ပါတယ်။ ပြစ်ဒဏ်ချခံရသူ အမျိုးမျိုးမှာ အများ စုက ကျောင်းသူကျောင်းသားများ နဲ့ လူငယ်များ ဖြစ်ကြပါတယ်။ စစ်အစိုးရကို 'ကံ'ဆောင်ကြတဲ့ ရန်ကုန်နဲ့ မန္တလေးမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီး တချို့နဲ့ ဦးဇင်းငယ်များ ၊ ထောင်ချခံကြရပါတယ်။ အချို့ကို 'ရဲဘက်စခန်း' ပို့ထားတာမျိုး အထိ လုပ်ခဲ့ကြပါတယ်။

န ဝ တ စ စ် အ စိုး ရ လ က် ထ က် မှာ မြန်မာ့ပထမနိုင်ငံရေးမျိုး သက်ဝင်လူကြီးတော် တော်များများ ထောင်ချခံကြရပါတယ်။

ဦးအုန်းမြင့်/ဂျာနယ်ကျော်၊ (ကျော်လင်းစာပေ ဖြန့်ချိရေး)၊ ဒေါက်တာမောင်မောင်ကျော် (R . U ကောင်စီဝင်/ကျောင်းသားကိုယ်စားလှယ်) ဦးဝင်းတင်၊ ဦးအောင်လွင်၊ ဦးမိုးသူ၊ မုံရွာဦးတင်ရွှေ၊ ဗိုလ်မှူးသော်က၊ မန်းဒါဝိတ်၊ ဦးဘကောင်း၊ ပညာတန်ဆောင်၊ တော်ဘုရားကလေး ဦးအောင်ဇေ၊ ဦးစိန်ဝင်း၊ ကျောင်းသားခေါင်းဆောင် ကိုကိုးကျွန်းပြန် ဦးညိုဝင်း/ပီသုံးလုံး/ ဒမဖ G . S ဦးတင် မောင်ဝင်း (ဒီချုပ်)၊ ဦးခင်မောင်မြင့်(ပီသုံးလုံးဥက္ကဋ္ဌ)၊ ဦးတင်အေး(တကသ ဥက္ကဋ္ဌ)၊ ဦးတင်အေး (၂) (တကသအတွင်းရေးမှူး)၊ ကိုသက်ခိုင်(၄၈၂၈)၊ မင်းကိုနိုင် စတဲ့ လူထုလူတန်းစားအဖွဲ့အစည်းအမျိုးမျိုးမှ Figure-head များကို ဖမ်းဆီးပြီး တိုက်ပိတ် ထားပါတယ်။ သခင်ဇင်ရဲ့ ဇနီး ဒေါ်ကြည်ကြည်/ သမီး ခင်ဦးလွင်၊ သူ့ခင်ပွန်း ဦးမိုးဝင်း စတဲ့ ဒီမိုကရေစီရေးလှုပ်ရှားသူ (အမျိုးမျိုးကို) ပုဒ်မ ၁၀(က) အပါအဝင် ပုဒ်မမျိုးစုံတပ်၊ စစ်ခုံရုံးတင်။ ၅(ည) ပုံနှိပ် - ၁၇၊ ပုံနှိပ်/၂၀။ ပုဒ်မ ၁၇(၁)(၂)၊ ၁၃(၁)၊ ၁၅(၁) စတဲ့ ပုဒ်ထီးပုဒ်မများ ဟာ မဆလ/နဝတ/နအဖ ကြံ့/ဖွံ့ပါတီနဲ့ စစ်အာဏာရှင်ဂိုဏ်းက ဒီမိုကရေစီအင်အားစု မျိုးဆက် ၃ ဆက်လောက်ကို ခုလို နှိပ်ကွပ်ခဲ့တာပါ။

တရုတ် CP ဥက္ကဋ္ဌ မော်စီတုန်းပြောခဲ့တဲ့ စကားစုလေးတစ်ခု ရှိပါတယ်။ အဲဒါက 'တရားရှိရင် ကူသူများ တယ်။ တရားမဲ့ရင် ကူသူရှားတယ်'တဲ့ ။ ဒီမှတ်ချက်ကို ၂၀၁၅ နိုဝင်ဘာရွေးကောက်ပွဲကြီးက လက်တွေ့ပြခဲ့ပြီလို့ ဆိုရပါတော့မယ်။

ဒီ/ချုပ်အစိုးရရဲ့ ရက် ၁၀၀ 'ခြေစမ်းပွဲ'ဟာ တိုက်တိုက်ဆိုင်ဆိုင် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ပထမပတ်ကုန်ဆုံးရင် ရက် '၁၀၀'ခြေစမ်းပွဲ ပြီးပြီလို့ ဆိုရပါတော့ မယ်။ အကြောင်းတိုက်ဆိုင်မှုက 'ရက် ၁၀၀ ရဲ့

နောက်ဆုံးရက်များ ဟာ နာကျည်း ကြေကွဲဖွယ်ရာ ဇူလိုင် (၇) ရက်နဲ့ အကြောင်းအားလျော်စွာ အကျုံးဝင်တိုက်ဆိုင်နေတာ ပဲ ဖြစ်ပါတယ်။

'ဇူ လိုင် 'သ ည် စာရေးသူ၏ လူ့ဘဝ၌ 'ကြည်နူးဝမ်းမြောက်မှု'နဲ့ 'နာကျည်း ကြေကွဲဖွယ်ရာဖြစ်ရပ်' နှစ်မျိုးကို တပြိုင်တည်း ခံစားတွေ့ကြုံရတဲ့ မေ့လို့ မဖြစ်တဲ့ ရက်များ ဖြစ်ပါတယ်။ ဗမာပီပီပြောရရင် ဝဋ်ရှိရင် ကျေနပ်စေတော့လို့ 'မြတ်ဗုဒ္ဓထံ မှာ ' ဆုတောင်းရဖို့ သာ ရှိပါတော့တယ်။

ဇူလိုင်လ ၅ ရက်နေ့ မနက် ၁၁ နာရီမှာ စာရေးသူတို့ ချစ်သူ ၂ ဦး တစ်ယောက်ကို တစ်ယောက် ယုံကြည်အားကိုးပြီး ပုလိပ်ရုံးကြီးမှာ ရှိတဲ့ (၁) ရာဘက်တရားသူကြီး ဦးထွန်းရှိန်နဲ့ နှစ်ဖက်မိဘများ ၊ ဝါရင့်ကျောင်းသားခေါင်းဆောင် များ ရှေ့မှာ သေတပန်သက်ဆုံး 'လောကကြီး'ကို အံတုဖက်ပြိုင်ပြီး 'အတူနေကြမယ်' ဆိုတဲ့ သိန္နိဋ္ဌာန်နဲ့ လက်မှတ်ထိုး လက်ထပ်ခဲ့ကြတယ်။ နှစ်ယောက်တစ်ဘဝ ထူထောင် မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ လောကကြီးကို အံတုဖို့ ခရီးစလိုက်ကြပါတယ်။ ဇူလိုင် ၇ ရက်နေ့၊ မနက် ၇ နာရီလောက်ကတည်းက သမဂ္ဂရှိရာ၊ တကသ ရှိရာ ထွက် လာပြီး ကျောင်းဆောင်စည်းကမ်း ၂၂ ချက်ကို ကန့်ကွက်တဲ့ အစည်းအဝေးအတွက် ဗကသ၊ တကသ၊ တပ်ဦးခေါင်းဆောင်များ အစည်းအဝေးကို တက်ရောက်ခဲ့တယ်။ တာဝန်ခွဲကြ တယ်။ မနက် '၁၁' နာရီမှာ 'ကျောင်းသားထုအစည်းအဝေး' စမယ်။ နေ့ '၁' နာရီ ပြီးမယ်။ ရည်မှန်းချက်အတိုင်း ပြီးပါတယ်။

ဒီအချိန်မှာ ဘဲ သမဂ္ဂ ရှေ့နဲ့ နောက်မှ SB နဲ့ သီးသန့်ရဲများ ဝင် လာပြီး အခမ်းအနားဦးစီးသူခေါင်းဆောင်များကို ၁ : ၃ ချိုးနဲ့ ရအောင်

ဝိုင်းဖမ်းကြတယ်။ ဗကသဥက္ကဋ္ဌ ကိုသက်နဲ့ တကသဥက္ကဋ္ဌတို့ ဗဆွေလေးတို့ ကို ပစ်မှတ်ထားပြီး ဖမ်းတာ ကြောင့် မိသွားကြပါတယ်။ ကျန်တဲ့ သူတွေက ကျောင်းသားတွေနဲ့ အရောရောအနှော ဖြစ်နေလို့ လွတ်ကုန်ကြပါတယ်။

ဗကသများ အဖွဲ့ချုပ်အမှုဆောင် ၁၂ ဦး၊ တကသအမှုဆောင် ၁၁ ဦး၊ ကျောင်းသားညီညွတ်ရေးတပ်ဦးအမှုဆောင် ၁၅ ဦး၊ စုစုပေါင်းကျောင်းသားခေါင်းဆောင် ၃၈ ဦးရှိတဲ့ အနက် ဇူလိုင် ၇ ရက်နေ့နဲ့ အခြားရက်များမှာ အဖမ်းခံရသူစုစုပေါင်း ၂၀ ကျော် ရှိပါတယ်။ လွတ်ရက်ကို မျှော်မှန်းလို့ မရပါဘူး။ ထိန်းသိမ်းထားမှာလား။ ရုံးတင်ထောင်ချပစ်မှာ လား မသေချာလှပါ။

ဒီအခြေအနေကြောင့် ကျောင်းသားလှုပ်ရှားမှုကို ဆက်လက်တာဝန်ခံလှုပ်ရှား နိုင်ဖို့ Hard-Core Unionist များ နဲ့ 'Second-platform ဖြစ်တဲ့ 'ကျောင်းသားအခွင့်အရေးကာကွယ်မှုကော်မတီ'ကို ဇူလိုင် ၂၁ မှာ ဖွဲ့စည်းပြီး ကျောင်းသား လှုပ်ရှားမှုကို ဆက်လက်ခေါင်းဆောင်စေခဲ့တယ်။ ဒီအဖွဲ့မှာ ကိုတင်မောင်ဝင်း (၉၀ ခရမ်းအမတ် အင်းစိန်ထောင်တွင်းမှာ ကျဆုံးခဲ့)။ သူက ဥက္ကဋ္ဌ၊ အတွင်းရေးမှူး ကိုသိန်းထွန်း (ဖျာပုံ၊ ပဲခူးရိုးမမှာ ကျဆုံးခဲ့တယ်)။ ဒီအဖွဲ့မှာ ကိုကြည်ဝင်း (ပခုက္ကူ 7th July သီချင်းရေးသူ)၊ ကိုမြင့်ဖေ (နတ်မောက်)၊ ကိုတင်ထွန်း (ကျောက်တံခါး)၊ ကိုမိုးဟိန်း(သား-ဂျာနယ်ကျော်)၊ ကိုစိုးသိန်း (မောင်ဝံသ၊ ပဲခူး)၊ ကိုတင်အေး(မြင်းခြံ၊) ကိုစိုးမြင့်(ဟသ်တ)၊ ကိုခင်ဆွေ(ခရမ်း)တို့ ပါဝင်ကြပါတယ်။ ဒီကော်မီတီဟာ ဗကသ /တကသ တပ်ဦးခေါင်းဆောင်များ အဖမ်းခံနေရ/ထွက်ပြေးတိမ်းရှောင်နေရတဲ့ ကာလ ၆၂ ဇူလိုင် ၇ မှ ၁၉၆၃ ဇွန်လ ၁၁ ရက်

လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ထုတ်ချိန်ထိ ကျောင်းသားသမဂ္ဂကြီးများ ရဲ့တာဝန်ကို ထမ်းဆောင်ခဲ့ကြတဲ့ Hard-core Unionist အစုဖြစ်ပါတယ်။ ဒီအစုဟာ ကျောင်းသားထုနဲ့ အတူ လစဉ်ကျရောက်တဲ့ 7th July နေ့တိုင်း အထိမ်းအမှတ်တမျိုးမျိုး အမြဲလုပ်ခဲ့ကြပါတယ်။ အများ စုဟာ 'လူ့ ပြ ည် 'မှာ မရှိကြတော့ပါဘူး။ ဒီကော်မတီဝင်ကျောင်းသားခေါင်းဆောင်များ ဟာ ဇူလိုင် ၇ ရက်ကို မကျော်ပြုပြီး လတစ်လရဲ့ ၇ ရက်နေ့တိုင်းမှာ လှုပ်ရှားမှုတစ်ခုခု အမြဲလုပ်ကြပါတယ်။ အထူးမှတ်တမ်းတင်ရမှာ က ဒီကော်မတီဟာ 7th July တနှစ်ပြည့်တဲ့ ၁၉၆၃ ခုနှစ်မှာ R . I . T မှ ကျောင်းသားများ နဲ့ ပူးပေါင်းပြီး အမြင့် ၇ ပေ၊ ၇ လက်မ၊ အောက်ခြေအနား ၆၂ လက်မရှိတဲ့ 7 th July အထိမ်းအမှတ် ကျောက်တိုင် ကို စိုက်ထူခဲ့ကြတယ်။ ဒါဟာ 'ကျောင်းသားအခွင့်အရေးကာကွယ်မှုကော်မတီ'ရဲ့ သမိုင်းဝင်အပြုအမူတစ်ရပ် ဖြစ်တယ်။

၆၃ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့မှာ 'ငြိမ်းချမ်းရေး'ကမ်းလှမ်းပြီး အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ခဲ့တယ်။ 'ရေကြည်အိုင်' ထောက်လှမ်းရေးစခန်းမှ လွတ်လပ်သူ၊ ဝါးရမ်းပြေးနေရာမှ ပြန်ထွက်လာသူ ဗကသ၊ တကသနဲ့ ကျောင်းသားညီညွတ်ရေးတပ်ဦးမှ ကျောင်းသားခေါင်းဆောင်များ ၊ တ က သ ရ င် ပြ င် မှာ စုစည်းကြပြီး 7th July ကျောက်တိုင်ကို အလေးပြုကြတယ်။ ဝမ်းပမ်းတနည်း ငိုကြတယ်။ ဗကသ ဥက္ကဋ္ဌ ကိုသက်က 'စစ်အာဏာရှင်စနစ်'ကို လုံးဝဥဿုံ ဖြိုဖျက်ဖို့ အဓိဋ္ဌာန်ပြုကြဖို့ နှိုးဆော်ခဲ့ပါတယ်။

''ကိုသက်ရေ . . . . .ခင်ဗျားက စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လက်နက် ကိုင်တော်လှန်ရေးမှာ ပါဝင်ပြီး အသက်စွန့်ခဲ့လို့

တာဝန်ကျေခဲ့ပြီပေါ့။ ကျုပ်တို့ မသေကြ သေးတဲ့ သူတွေကတော့ 'စည်းမျဉ်းခံ စစ်အာဏာရှင်စနစ်'နဲ့ ကြုံနေကြတယ်။ ဘယ်သူ့ ကို အားကိုးပြီး စစ်အာဏာရှင်စနစ်ကို ဖြိုချရမလဲXဆိုတာ မေးခွန်းဖြစ်နေရပါတယ်''။ သမိုင်းဆိုတာ လူ့အတ္တနောပတိနဲ့ ရှေ့တိုးနောက်ဆုတ် လုပ်လို့ တော့ မရတတ် ပါဘူး။ ခဏတော့ ကြာမှာပေါ့တဲ့ ။ ခဏက ၁၉၆၂ မတ်လကနေ ဒီကနေ့အထိဆိုတော့ (၁၉၆၂ မှ ၂၀၁၆ ခုနှစ်အထိ) ဆိုတော့ ၅၄ နှစ် ရှိပါပြီ။ အင်္ဂလိပ်က ၁၈၂၄ မှ ၁၉၄၈ ခုနှစ်အထိဆိုတော့ (ဂျပန် ၂ နှစ်) ၁၂၄ နှစ် ကျွန်ပြုခဲ့တာဆိုတော့ တချို့က ဗမာချင်းကျွန်ပြုတာ တော်သေးတာပေါ့လို့ ပြောတဲ့ သူတွေလည်း ရှိလာပြန်တော့ 'ကြွေးကျန်တောင်' ပြန်ဆပ်ရဦး မှာ လား မသိဘူး။ ကိုသက် . . . . .ရေ . . ''။

ဗကသ/တကသ တပ်ဦးနဲ့ ကျောင်းသားအခွင့်အရေး ကာကွယ်မှုကော်မတီတို့ ပေါင်းပြီး 7th July ကျောက်တိုင်ကို အလေးပြုကြပါတယ်။ ပေ ၂၀၀ - ပေ ၂၀ ရှိတဲ့ တကသအဆောက်အဦ shed ကို ပြန်ဆောက်ကြ တယ်။ 7th July တစ်နှစ် မြောက်နေ့အခမ်းအနားနဲ့ 'ဓာတ်ပုံပြပွဲ' ကျင်းပခဲ့ကြတယ်။ ရာမညဆောင်နယ်ဆုံးကနေ အင်းလျားလမ်းအဝအထိ အလံတိုင်များ ၊ တိုင်ဝက်ခွပ်ဒေါင်းအလံများ စိုက်ထူကြတယ်။ ဓာတ်ပုံပြပွဲကို ဆုံးအောင်မကြည့်နိုင်ကြပါဘူး။ စစ်အာဏာရှင်စနစ်ရဲ့ ရမ်းကားရက်စက်မှုကို လူထုနဲ့ ကျောင်းသူ/ကျောင်းသားများ မခံစားနိုင်ကြပါဘူး။

၁၉၆၃ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့ စစ်အစိုးရနဲ့ တော်လှန်ရေးအင်အားစုများ ပြုလုပ်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားသွားတဲ့ အခါ ဗမာပြည်ကြီးတစ်ခုလုံးဟာ Reign of Terror

ဓားမိုးအုပ်စိုးမှု အောက်ပြန်ရောက်ပြီး ကျရောက်သွားပြန်တဲ့ အခါ ဗမာတစ်နိုင်ငံ ကြီးဟာ ဒီမိုကရေစီ မိုးမှောင်ကြီးအောက် ပြန်လည်ကျရောက်သွားခဲ့ရပါတော့တယ်။

၂၀ ရာစု နောက်ဆုံး ဆယ်စုနှစ်ထဲ ရောက်လာတဲ့ အခါ ကမ္ဘာ့နိုင်ငံရေးဟာ ဆိုရှယ်လစ်စနစ်လှိုင်းမှာ လစ်ဘရယ်ဒီမိုကရေစီလှိုင်းသို့ တကျော့ပြန်ရွေ့လျားခဲ့တယ်။ အရှေ့ဥရောပဆိုရှယ်လစ်စနစ်ဂိုဏ်းကြီး ပြိုကျသွားပြီး လစ်ဘရယ်ဒီမိုကရေစီက တစ်ကျော့ပြန် အသာရလာခဲ့တယ်။ ဖူကူယားမားလို ဘူဇွာစကော်လာများက 'သမိုင်းနိဂုံးချုပ်ပြီ'။ လစ်ဘရယ်အိုင်ဒီလိုဂျီက အနိုင်ရခဲ့ပြီလို့ ပြောဆိုလက်ပန်း ပေါက်ခတ်လာခဲ့တယ်။ 'အရင်းရှင်စနစ် ကမ္ဘာလွှမ်းရေးဟာ ကမ္ဘာ့အရင်းရှင်စနစ်ရဲ့ ကမ္ဘာလုံးဆိုင်မဟာဖြစ်တယ်'လို့ ပြောလာကြပါတယ်။ ပုံသဏ္ဌာန်အမျိုးမျိုးရှိတဲ့ 'အာဏာ ရှင်စနစ်များ ဟာ 'ဒီမိုကရေစီစနစ်'ကို နေရာပေးရမယ်လို့ ပြောလာကြတယ်။

အကြီးအကျယ် ၁။ အရင်းတင်ပို့ခြင်း၊ ၂။ ဈေးကွက်တိုးချဲ့ခြင်း၊ ၃။ အာဏာ ရှင်များကို ဖယ်ရှားပြီး ဒီမိုကရေစီကို အစားထိုးခြင်း၊ US ပုံစံ ဒီမိုကရေစီ ကမ္ဘာ့အနှံ့ တင်ပို့ခြင်းတို့ ဟာ Liberalisation ရဲ့ သမိုင်း ဖြစ်ပါတယ်။ ဒါတွေကို Globalisation လို့ ခံယူသိမှတ်လာခဲ့တယ်။ ဒီသမိုင်းအရွေ့မှာ မြန်မာ့ရှစ် ၄ လုံး ပေါ်ထွန်းလာ တာဖြစ်တယ်။ NLD ဥက္ကဋ္ဌ လူထု ရှေ့မှောက်ရောက်လာတာဖြစ်တယ်။ NLD ဥက္ကဟာဥ ဒီမိုကရေစီဖြစ်တယ်။ ဒီချုပ် ဥက္ကဟာဥ ဒီမိုကရေစီဖြစ်တယ်။ ကြံ့ဖွံ့ဟာ စစ်အာဏာရှင်ဖြစ်တယ်။ မဆလ/နဝတ/နအဖ ကြံ့ဖွံ့ဟာ အာဏာရှင်စနစ်ဖြစ်တယ်။ - 7th July သတ်ဖြတ်မှုဟာ အာဏာရှင်အမှတ်တံဆိပ်ဖြစ်တယ်။

- ရှစ်လေးလုံး သတ်ဖြတ်မှုဟာ အာဏာရှင်ဖြစ်တယ်။

- 7th July အရေးတော်ပုံဟာ ဒီမိုကရေစီဖြစ်တယ်။

- ၈၈ လူထုလှုပ်ရှားမှုဟာ ဒီမိုကရေစီဖြစ်တယ်။

- ၈၈ သတ်ဖြတ်မှုဟာ အာဏာရှင်ဖြစ်တယ်။

- ကျောင်းသားသမဂ္ဂကို နှိပ်ကွပ်ဖြိုခွဲတာဟာ အာဏာရှင်ဖြစ်တယ်။ - ကျောင်းသားထုနဲ့ ကျောင်းသားသမဂ္ဂ ညီညွတ်ရေးကို ဖြိုခွဲတာဟာ အာဏာရှင်ဖြစ်တယ်။

- သမဂ္ဂနဲ့ ကျောင်းသားကို ဂိုဏ်းခွဲတာဟာ အာဏာရှင်ဖြစ်တယ်။ - ကျောင်းသားသမဂ္ဂကို ဂိုဏ်းခွဲတာ ဖြိုဖျက်ဖို့ ကြံစည်တာဟာ အာဏာရှင် ဖြစ်တယ်။

- ဒီမိုကရေစီရဖို့ ညီညွတ်ကြ။

- စစ်အာဏာရှင်စနစ် ဖျက်သိမ်းဖို့ ညီညွတ်ကြ။ - စစ်အာဏာရှင်စနစ်ဖျက်သိမ်းဖို့ ညီညွတ်ကြ။

- အာဏာရှင် အစိုးရမှန်သမျှ ဆန့်ကျင်ကြ။

- ဒီမိုကရေစီအစိုးရမှန်သမျှ ထောက်ခံကြ။

- ကျောင်းသားထု ညီညွတ်ကြ။

၈ . ၇ . ၁၆

* * *

# မြန်မာ့ခေတ်ပြိုင်နိုင်ငံရေးနဲ့ ကျောင်းသားလှုပ်ရှားမှု

ဒီကနေ့ခေတ် မြန်မာ့နိုင်ငံရေးမှာ ကျောင်းသားလှုပ်ရှားမှုများ ဟာ ဘယ် လောက်များများ အရေးပါပါသလဲ။ ဖြေကြားပေးစေချင်ပါတယ်ဆိုတဲ့ တောင်းဆိုချက်များ ရှိပါတယ်။ အကျိုးအကြောင်း သိချင်သူများ ဟာ အများအားဖြင့် ကျောင်းသားများ ၊ ကျောင်းသားအရွယ်လူငယ်များ နဲ့ (တစ်ချို့ဒေသလိုက်) လ က် ရှိ ဒီ မို က ရေ စီ လှု ပ် ရှား မှု များ မှာ ပါဝင်လှုပ်ရှားနေကြသူများ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် စာရေးသူတစ်ယောက် အနေနဲ့ အထူးသဖြင့် 'နိုင်ငံရေးဝေဖန်ချက်များ ၊ သုံးသပ်ချက်များကို ပုံမှန်ရေးသားနေသူ တစ်ယောက်အနေနဲ့ (အထူးသဖြင့် ကျောင်းသားခေါင်းဆောင်မျိုးဆက်ဝင် တစ်ဦး) 7th July ကျောင်းသားအရေးတော်ပုံကြီးကို နောက်ဆုံးနာရီစက္ကန့်အထိ တာဝန်ခံခေါင်း ဆောင်ခဲ့သူ ကျောင်းသားခေါင်းဆောင်တစ်ဦးအနေနဲ့ ဒီမေးခွန်းကို ရှေ့မှာ ကျောင်းသား ခေါင်းဆောင်ဖြစ်ဖို့ ၊ တာစူမျှော်မှန်း၊ လှုပ်ရှားနေကြသူ ကျောင်းသားခေါင်းဆောင် မျိုးဆက်သစ်များ အတွက် အကျိုးသင့်အကြောင်းသင့် ဖြေကြားဖို့ တာဝန် ရှိနေတယ်ဆို တာကို အချိန်ယူစဉ်းစားပြီး ဒီ 'စာစု'ကို ရေးခဲ့တာဖြစ်ပါတယ်။

စာရေးသူ ကျောင်းသားလှုပ်ရှားမှုအတွင်းမှာ ဖြတ်သန်းခဲ့ရတဲ့ ၁၉၅၃/၆၃ (ဆယ်နှစ်တာကာလ) ကျောင်းသားလှုပ်ရှားမှုများ နဲ့ ဒီကာလအတွင်းက အထွေထွေ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးလှုပ်ရှားမှု

သုံးသပ်ချက်များကိုပါ သမိုင်းအတွေ့အကြုံအဖြစ် ဆက်စပ်သုံးသပ်တင်ပြချင်ပါတယ်။

ခေတ်သစ်မြန်မာနိုင်ငံရေးအကြောင်း ပြောကြရေးကြမယ်ဆိုရင် မြန်မာနိုင်ငံ ကျောင်းသားလှုပ်ရှားမှုများ ရဲ့ အခန်းကဏ္ဍကို ချန်ထားခဲ့လို့ မရပါဘူး။ ကျောင်းသား လှုပ်ရှားမှုများ ဟာ မြန်မာ့အမျိုးသားလွတ်မြောက်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများနဲ့ တစ်ပါတည်း ပါဝင်နေခဲ့တာ ဖြစ်ပါတယ်။ ၁၉၂၀ ဒီဇင်ဘာ ၆ ပထမကျောင်းသား သပိတ်ကြီးဟာ ၁၉၀၆ ခုနှစ်မှာ စတင်လာခဲ့တဲ့ 'ဝံသာနုအရေးတော်ပုံကြီး'ရဲ့ အဆက်နဲ့ အကျိုးဆက်သာဖြစ်ပါတယ်။ 'ပထမကျောင်းသားသပိတ်ကြီး'ဟာ 'ဝံသာနုအရေး တော်ပုံကြီး'ကို နောက်တစ်ဆင့် တိုးမြင့်လာစေခဲ့ပါတယ်။ 'ဝိုင်အမ်ဘီအေ'အဖွဲ့များကို စုစည်းပြီး 'ဂျီစီဘီအေ'အဖွဲ့ချုပ်ကြီးကို ၁၉၂၀ မှာ ပဲ စုစည်းခဲ့ကြပါတယ်။ သပိတ်ကြီး ကြောင့် အမျိုးသားပညာရေးနှင့် အမျိုးသားကျောင်းလှုပ်ရှားမှုကြီး ပေါ်လာခဲ့ပါတယ်။

မြန်မာ့နိုင်ငံရေးမှာ
ဒီအမျိုးသားကျောင်းထူထောင်ရေးလှုပ်ရှားမှုကြီးဟာ
'မြန်မာ့နယ်ချဲ့ဆန့်ကျင်ရေး'အားမာန်ကို စုလည်း စုစည်း၊ တိုးလည်း တိုးမြှင့်စေလိုက် တာဖြစ်ပါတယ်။ ဂျီစီဘီအေအဖွဲ့ချုပ်ကြီးဟာ မြန်မာ့ပထမနိုင်ငံရေးတပ်ဦးကြီး ဖြစ်လာပါ တယ်။ ၁၉၂၀ ပထမအကြိမ် ပြည်ညီလာခံမှ စပြီး မြန်မာ့နိုင်ငံရေးဟာ တပ်ဦးကြီး ဖြစ်လာပါတယ်။ ၁၉၂၀ ပထမအကြိမ် ပြည်ညီလာခံမှ စပြီး မြန်မာ့နိုင်ငံရေးဟာ အမျိုး ဘာသာသာသနာကို ကြွေးကြော်ရာမှ HomeRule ကိုယ်ပိုင်အုပ်ချုပ်ရေးမှ နိုင်ငံရေး ကြွေးကြော်သံသို့ ပြောင်းလဲလာပါတယ်။

၁၉၂၀ ဒီဇင်ဘာ ၅ ရက်နေ့မှာ စုစည်းလိုက်တဲ့ ၁၆ ဦးပါ 'ယူနီဗာစတီ သပိတ်မှောက်ကောင်စီ'ဟာ ကျောင်းသားလှုပ်ရှားမှုအတွင်းမှာ ပေါ်ပေါက်လာခဲ့တဲ့ 'ပထမဆုံး RUSU ကျောင်းသားသမဂ္ဂ'အဖြစ် မှတ်ယူထိုက်ပါတယ်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ 'RUSU' ဟာ ၁၉၃၁ ဇန်နဝါရီ ၃၁ ရက်နေ့မှ ပထမဆုံးဖွဲ့စည်းပုံနဲ့ ဖွဲ့စည်းတဲ့ 'တကသ'ပါ။ ၁၉၂၀ ဇွန်လမှာ စတင်ဖွင့်လှစ်တဲ့ အမျိုးသားကောလိပ်ကြီးဟာ ခေတ်သစ်အမျိုးသားပညာရေးအတွေးအခေါ်ကို မွေးဖွားပေးခဲ့ပါတယ်။ ဆရာကြီးသခင် ကိုယ်တော်မှိုင်းနဲ့ ဒီးဒုတ်ဦးဘချိုတို့ ဟာ အမျိုးသားကျောင်းကြီးရဲ့ ဦးစီးဦးကိုင်များ ဖြစ်ပါတယ်။

ဟုမ်းရူး Home Rule ကို အင်္ဂလိပ်က 'ဒိုင်အာခီ'အုပ်ချုပ်ရေးနဲ့ ဖြိုကွဲခဲ့တာ ကြောင့် 'တူသာသင်း' ၂၁ ဦးဂိုဏ်းသားများ ဟာ ဒိုင်အာခီအုပ်ချုပ်ရေးအတွင်း ဝင်ရောက် သွားခဲ့ကြပါတယ်။ ဂျီစီဘီအေ ၄ ဖွဲ့ ၄ ဂိုဏ်း သံဃာ့သမဂ္ဂီ ၄ ဖွဲ့၊ ၄ ဂိုဏ်း ကွဲကြပြီးနောက် ဝံသာနုအရေးတော်ပုံကြီးရဲ့ သမိုင်းတာဝန်များကို ဒို့ဗမာအစည်းအရုံး ကြီးက ဆက်သယ်ခဲ့ပါတယ်။

ဝံသာနုအရေးတော်ပုံကြီးဟာ ဗြိတိသျှအစိုးရက ရာထူး၊ အာဏာ၊ ပုဂ္ဂလိက အကျိုးစီးပွားများ နှင့် ထိုးနှက်ဖြိုခွဲခဲ့တာကြောင့် မြေရှင်၊ အရင်းရှင် သားသမီးအင်္ဂလိပ် စာတတ်များ ဟာ အမျိုးသားအကျိုးစီးပွားများ နှင့် ကိုယ်ကျိုးစီးပွားကို မလဲလှယ်နိုင်ကြ တာကြောင့် ဂျီစီဘီအေအဖွဲ့ချုပ်ကြီး ပြိုကွဲခဲ့ရပြန်ပါတယ်။ ဒီနေရာကို ခေတ်ပြိုင်ပညာ တတ်မျိုးဆက်များကပဲ 'သခင်မျိုးဟေ့ ဒို့ဗမာ'လို့ ကြွေးကြော်ကြတဲ့ 'သခင်ဘွဲ့' ခံပြီး ၁၉၃၀ မေ ၃၀ ရက်နေ့မှာ ဒို့ဗမာအစည်းအရုံးကြီးဆိုတာကို ဖွဲ့စည်းခဲ့ကြပြန်ပါ တယ်။

'သခင်မျိုးဟော့ ဒို့ဗမာ'ဆိုတဲ့ ကြွေးကြော်သံဟာ မြန်မာလူထုကြီးရဲ့ နယ်ချဲ့ ဆန့်ကျင်ရေးစိတ်ကို အကြီးအကျယ် လှုံ့ဆော်ခဲ့တယ်။ ဒီလှုံ့ဆော်မှုဟာ 'ကိုနု'နဲ့ 'ကိုအောင်ဆန်း'ကို ကျောင်းထုတ်ပစ်မှုနဲ့ ချိတ်ဆက်မိပြီး 'ဒုတိယကျောင်းသား သပိတ်ကြီး' ပေါ်ပေါက်ခဲ့ပါတယ်။

ဝိုင်အမ်ဘီအေဆရာတင်နဲ့ နိုးကြားတဲ့ သခင်လူငယ်များ စုစည်းမိကြပြီး 'ဒို့ဗမာသီချင်း'ကို ရေးစပ်ကြပြီး ၁၉ ဇူလိုင် ၁၉၃၀ မှာ သထုံဆောင်သဟာယနဲ့ စာဖတ်အသင်းခန်းမမှာ ပထမအကြိမ် သီဆိုတင်ဆက်ကြပါတယ်။ ၁၉၃၀ ဇူလိုင် ၂၀ ရက်နေ့မှာ ရွှေတိဂုံအနောက်မြောက် ဦးစံထွန်းတန်ဆောင်းသစ်ကြီးမှာ လူထုထံ အခမ်းအနားနဲ့ တင်ဆက်ကြပါတယ်။ ဒီသီချင်းဟာ မြန်မာ့ဇာတိသွေးဇာတိမာန်ကို ထင်ဟပ်ပြတဲ့ သီချင်းဖြစ်ပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားညီညွတ်ရေးကို တစ်ခဲနက် စုစည်းမိစေခဲ့ပါတယ်။ ၁၉၃၀ ဒီဇင်ဘာ ၂၂ ရက်နေ့မှာ ဆရာစံ တောင်သူ လယ်သမားသူပုန်ကြီး ပေါ်ပေါက်လာခဲ့တယ်။ အင်္ဂလိပ်ဟာ ဆရာစံ လယ်သမားသူပုန် ကြီး ပေါ်ပေါက်လာခဲ့တယ်။ အင်္ဂလိပ်ဟာ ဆရာစံလယ်သမား သူပုန်ကြီးကို နှိမ်နှင်း ခဲ့တယ်။ ၁၉၃၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့မှာ ဆရာစံကို ဖမ်းမိပြီး ၁၉၃၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့မှာ သာယာဝတီအကျဉ်းထောင်မှာ ကြိုးပေးကွပ်မျက်ခဲ့တယ်။ သူပုန်ထမှုကြီးကြောင့် လယ်သမား ၃၀၂ ယောက် ကြိုးဒဏ်၊ လူ ၈၈၀ ကျွန်းဒဏ် ခံကြရတယ်။ ဆရာစံလယ်သမားသူပုန်ကြီးဟာ နယ်ချဲ့အင်္ဂလိပ်နဲ့ အချိုးမညီတဲ့ စစ်ပွဲကို နွှဲခဲ့ရတာကြောင့် စစ်ရှုံးခဲ့ပေမယ့် 'သူ့ကျွန်မခံဘူး'ဆိုတဲ့ ဇာတိသွေးဟာ မြန်မာ့နယ်ချဲ့ ဆန့်ကျင်ရေးသမိုင်းမှာ ကမ္ဗည်းထိုးရစ်ခဲ့တယ်။

ဒီဆရာစံလယ်သမားသူပုန်ကြီးက ၁၃၀၀ ပြည့် အရေးတော်ပုံကြီးကို 'စိတ် ဓာတ်အမွေ ထားချန်ရစ်ခဲ့တယ်။ ၁၉၃၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှာ စတင်တဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးဟာ ၁၉၃၉ ခုနှစ် ဇူလိုင်လအထိ ၇ လ ကြာခဲ့ပါတယ်။ ကျောင်းသားများက ၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ အတွင်းဝန်ရုံးကြီးကို ဝိုင်းဝန်းဆန္ဒပြခဲ့တယ်။ ကိုအောင်ကျော် အသက်ပေးခဲ့ရပါတယ်။ ၉၁ ဌာန၊ အလိုတော်ရိ အစိုးရ ၂ ဆက် ပြုတ်ကျသွားခဲ့ရပါတယ်။ သပိတ်ကြီးအတွင်းမှာ အာဇာနည် ၁၇ ဦး ကျဆုံးခဲ့ရပြီး လူ ၂၀၀၀ ကျော် အဖမ်းအဆီးခံခဲ့ရပါတယ်။

၁၃၀၀ ပြည့် အရေးတော်ပုံကြီးအတွင်းမှာ အလုပ်သမားများ ၊ လယ်သမား များ နဲ့ ကျောင်းသူကျောင်းသားများ ပါဝင်ခဲ့ကြပါတယ်။ ဒီ နေ ရာ မှာ အလုပ်သမားထု ကြီး၊ လယ်သမားထုကြီး၊ ကျောင်းသားထုကြီးများ ဟာ မဟာဗျူဟာမိတ်ဖက် အင်အားစုကြီးဖြစ်ပါတယ်။ 'ပြည်တင်းက မင်းမခံနိုင်'ဆိုတဲ့ စကားရှိပါတယ်။ ဒီလူတန်းစား လူမှုအင်အားစုကြီး ၃ ရပ် ညီညွတ်ရင် ဖိနှိပ်သူအစိုးရများက ကြောက်ကြပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့ (၁၉၀၆-၄၈) ၄၂ နှစ်ကြာ ရုန်းကန်ရပါတယ်။ ဝံသာနုအရေးတော်ပုံ ပထမကျောင်းသားသပိတ်ကြီး၊ သခင်လှုပ်ရှားမှု၊ ဒုတိယကျောင်း သားသပိတ်၊ ဆရာစံလယ်သမားသူပုန်ကြီး၊ ဒို့ဗမာအစည်းအရုံးနဲ့ ၁၃၀၀ ပြည့်အရေး တော်ပုံ၊ တတိယကျောင်းသားသပိတ်ကြီး၊ ရဲဘော်သုံးကျိပ်နဲ့ ဂျပန်ဆန့်ကျင်ရေး စစ်ပွဲ၊ စစ်ပြီးခေတ်လွတ်လပ်ရေးတိုက်ပွဲ စတဲ့ လူထုလှုပ်ရှားမှုကြီးများကို ကြည့်လိုက်ရင် ၁၉၄၀ ဒုတိယကမ္ဘာစစ်ရှေ့ပိုင်းလူထုလှုပ်ရှားမှုများကို

ဖြစ်ထွန်းစ လစ်ဘရယ်ခေနရှင်များ ၊ ခေနရှင် ပေါက်စပညာတတ် လူမှုအစုများက ခေါင်းဆောင်ခဲ့ကြတာပါ။ ၁၉၃၈/၃၉ ဒုတိယကမ္ဘာ စစ်ကြီး စတင်ဖို့ ပျိုးနေတဲ့ ကာလပတ်ဝန်းကျင်မှာ ၁၃၀၀ ပြည့် အရေးတော်ပုံကြီး စနေပါပြီ။ ၁၉၃၉ မှာ ဗကသဖွဲ့စည်းပြီးပါပြီ။ ၁၉၄၀ ဆို ပြည်သူ့အရေးတော်ပုံ ပါတီ ဖွဲ့ပြီးပြီ။ ရဲဘော် ၃ ကျိပ် လှုပ်ရှားမှုများ စတင်နေပါပြီ။ 'ဗမာ့ထွက်ရပ်ဂိုဏ်း ဖွဲ့ပြီးပါပြီ'။ တစ်ကမ္ဘာလုံးက (ဂျာမနီ၊ အီတလီ၊ ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေး ပြင်နေကြပါပြီ)။ အကြောင်းကြောင်းကြောင့် မြန်မာတို့ က ဂျပန်နဲ့ ပေါင်းမိရက်သားဖြစ်သွားပါတယ်။

အင်္ဂလိပ်အခက်၊ ဗမာ့အချက်ကြွေးကြော်သံက 'ဂျပန်နဲ့ ပေါင်းရေး'ကို လှုံ့ဆော် တာလည်း ပါပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးဟာ မြန်မာ့မျိုးချစ်ခေါင်းဆောင်များ ရဲ့ နိုင်ငံရေးရင့်ကျက်မှုကို စစ်ဆေးခဲ့ပါတယ်။ မြန်မာမျိုးချစ်ခေါင်းဆောင်များ ဟာ ၁၉၄၄ စက်တင်ဘာလ ၄/၆ မှာ ဖဆပလအဖွဲ့ချုပ်ကို ဖွဲ့စည်းပြီး ဂျပန်ဆန့်ကျင်ရေးစစ်ပွဲ ဆင်နွှဲဖို့ အသင့်ဖြစ်နေကြပါပြီ။ မြန်မာမျိုးချစ်ခေါင်းဆောင်များ အတွက် ဒုတိယအစမ်းသပ် ခံရတဲ့ ပြဿနာကတော့ 'လွတ်လပ်ရေး'ကို ဘယ်လိုရယူကြမှာ လဲဆိုတဲ့ ပြဿနာ ပါပဲ။ ဖဆပလမျိုးချစ်လကျာ် ဂိုဏ်းဟာ ဗြိတိသျှနယ်ချဲ့သမားများ အကြိုက် ဖဆပလအဖွဲ့ ချုပ်အတွင်းမှ 'ဗကပကိုယ်စားလှယ်'ကို ထုတ်ပစ်ခဲ့ပါတယ်။ ဒါဟာ အင်္ဂလိပ်ကို မျက်နှာချိုသွေးခဲ့တာဖြစ်ပါတယ်။ ဒီခြေလှမ်းဟာ မြန်မာ့အမျိုးသားညီညွတ်ရေးကို ဖြိုခွဲ လိုက်တဲ့ ခြေလှမ်းပါပဲ။ ပြည်တွင်းစစ်ပြဿနာကို ဒီကနေ့အထိ မဖြေရှင်းနိုင်ဖြစ် နေကြပါတယ်။

၁၉၀၆-၁၉၄၈ ခုနှစ်အတွင်းမှာ ဖြစ်ပေါ်လာခဲ့တဲ့ လွတ်လပ်ရေးလှုပ်ရှားမှုကြီး များ အတွင်းမှာ ကျောင်းသားလှုပ်ရှားမှုကြီး ၃ ကြိမ် ပါဝင်ခဲ့ပါတယ်။ ဒီလှုပ်ရှားမှုကြီး အတွင်းကပဲ ထင်ရှားတဲ့ အမျိုးသားခေါင်းဆောင်များ ပေါ်ထွက်လာခဲ့တာပါ။ သခင်နု၊ သခင်အောင်ဆန်း၊ သခင်ဗဟိန်းဆိုတာဟာ ကျောင်းသားလှုပ်ရှားမှုများ အတွင်းက ပေါ်ထွက်လာခဲ့တာပါ။ ဒီတော့ ကျောင်းသားသမဂ္ဂများ ၊ ကျောင်းသားလှုပ်ရှားမှုများ နဲ့ ကျောင်းသားခေါင်းဆောင်များ ဟာ မြန်မာ့အထွေထွေ နိုင်ငံရေးလှုပ်ရှားမှုများ နဲ့ တစ်သွေးတစ်သားတည်းဖြစ်ကြောင်း တွေ့ရမှာ ပါ။

လွတ်လပ်ရေးခေတ် ၆၆ နှစ်ကြာ ပြည်တွင်းစစ်နဲ့ စစ်အာဏာရှင်စနစ်ဒဏ် ကို ကျောင်းသားများ ဟာ မိဘပြည်သူများ နဲ့ အတူ ခံစားခဲ့ကြရတာပါပဲ။ ကျောင်းသား များ ဟာ လွတ်လပ်ရေးခေတ်မှာ

၁။ ၁၉၅၃ အောက်တိုဘာ ကျောင်းသားသပိတ် အရေးတော်ပုံ၊

၂။ ၁၉၅၆ ဟယ်လီတန်ကျောင်းသားအရေးတော်ပုံ၊

၃။ ၁၉၅၆ သမဂ္ဂတည်တံ့ရေးအရေးတော်ပုံ၊

၄။ ၁၉၆၀/၆၁ တန်းခွဲတန်းချလှုပ်ရှားမှု၊

၅။ ၁၉၅၉ ခု အမျိုးသားပညာရေး နှီးနှောဖလှယ်၊

၆။ ဇူလိုင် ၇ ရက် ကျောင်းသားအရေးတော်ပုံ၊

၇။ ၆ ခရိုင်ပြည်တွင်းငြိမ်းချမ်းရေးအင်အားပြပွဲကြီးများမှာ လူထုကြီးနဲ့ အတူ ပါခဲ့ကြပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီး

ပျက်သွားသည့် အခါ နိုးကြားတဲ့ ကျောင်းသား များက လက်နက်ကိုင်တော်လှန်ရေးထဲ ပါဝင်သွားခဲ့ကြပါတယ်။

၈။ ၁၉၆၂-၁၉၈၈ ဒီမိုကရေစီ အရေးတော်ပုံကြီးမတိုင်ခင်မှာ ၁၉၇၄ ဇွန်မှာ အလုပ်သမားသပိတ်ကြီးဆင်နွှဲခဲ့ပါတယ်။

၁၉၇၄ ဒီဇင်ဘာ ၆ ရက်နေ့မှာ ဦးသန့်အရေးအခင်းကြီး ဖြစ်ခဲ့တယ်။ ၁၉၇၆ ဧပြီမှာ စစ်တွေဆန်လုပ္ပွဲ၊ ၇၆ ဇူလိုင်မှာ တရုတ်ဆန့်ကျင်ရေးလှုပ်ရှားမှုကြီး၊ ၇၆ မို င်းရာပြည့် ကျောင်းသားအရေးတော်ပုံ၊ ၇၈ ယူဂျီ၊ ၈၂ ယူဂျီ၊ လှုပ်ရှားမှုကြီးများ ဖြစ်ပေါ်ခဲ့တယ်။

(က) လူမျိုးပေါင်းစုံ မြန်မာလူထုကြီးက ရှည်ကြာတဲ့ လက်နက်ကိုင်တော်လှန် ရေးများ ဆင်နွှဲလာခဲ့ခြင်း၊

(ခ) လူထုအုံကြွမှုများ ဆင်နွှဲလာခြင်း၊ မဆလ စစ်အစိုးရရဲ့ မှားယွင်းတဲ့ အထွေထွေ ပေါ်လစီများ ရဲ့ အကျိုးဆက်ကြောင့် ၈၈ ဒီမိုကရေစီအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ရပါတယ်။

စစ်အစိုးရဟာ အကျပ်အတည်းများ ပေါင်းစုံရဲ့ စုပြုံထိုးနှက်မှုကို ခံခဲ့ရတယ်။ ၈၈ ရဲ့ နိုင်ငံရေးအကျပ်အတည်းကြီးဟာ လွတ်လပ်ရေးခေတ် အကျပ်အတည်းပေါင်းစုံ စုပြုံကျရောက်ခြင်းဖြစ်ပါတယ်။ A . S နဲ့ Legal Struggle ကို ဗျူဟာမြောက် ပေါင်းစပ်မပေးနိုင်တာကြောင့် ၊ မဆလတပ်က သူ့အထက်အမိန့် Higher Command ကို နာခံနေကြတာကြောင့် စစ်အာဏာရှင်စနစ် အပြီးသတ်ဖြိုချရေး ရည်မှန်းချက် အထမမြောက်ခဲ့ရုံသာမက လူထုများ ၊ ကျောင်းသားများ ထောင်ချီပြီး အသက်စွန့် ခဲ့ကြရပါတယ်။

မဆလစစ်တပ်က ဆုတ်ခံခံရင်း သူ့အာဏာကို ထိန်းသိမ်းခဲ့ပါတယ်။ မဆလ စစ်အာဏာရှင်များ ဟာ သူတို့ စစ်ဗျူရိုကရက်ကို လက်ဝါးကြီးအုပ်အရင်းများ Wealth နဲ့ အာဏာကို ပြိုကွဲမသွားစေဖို့ (၁) စစ်တပ်နဲ့ (၂) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်း ဥပဒေ ဒီခံကတုတ်နှစ်ခုနှင့် ကာကွယ်တဲ့ မဟာဗျူဟာကို နဝတစစ်အစိုးရခေတ်က စပြီး ကျင့်သုံးခဲ့ကြတာပါ။ ၁၉၉၀ မေ ရွေးကောက်ပွဲရလဒ်ကြောင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေတဲ့ ဗိုလ်စောမောင်က ၁၉၉၂ ဧပြီလ ၂၄ ရက်နေ့မှာ ဗိုလ်သန်းရွှေကို နအဖ နာမည်နဲ့ အာဏာလွှဲပေးစေခဲ့ပါတယ်။ ဗိုလ်သန်းရွှေက ခဏခဏ အာဏာသိမ်းရတဲ့ နည်းကို မကျင့်သုံး၊ တစ်ခါတည်း အာဏာလက်မလွှတ်ဘဲနေလို့ ရတဲ့ ၂၀၀၈ ဖွဲ့စည်းပုံ ကို ပြည်တွင်းပြည်ပမှ ပညာရှင်များ နှင့် ဒေါင့်စေ့အောင် စီမံပြီးမှ ၂၀၀၈ ဖွဲ့စည်းပုံ ၂၀၀၈ မေမှာ ဆန္ဒခံယူပွဲလုပ်၊ ၂၀၁၀ ရွေးကောက်ပွဲနဲ့ စစ်အာဏာရှင်အစိုးရအဖွဲ့ကို အာဏာလွှဲခဲ့ပါတယ်။

ကမ္ဘာကကြည့်လို့ ကောင်းတဲ့ ပုံစံသစ် စစ်အာဏာရှင်စနစ်တစ်မျိုး ကြံဖန်ပေး ခဲ့တာပါ။ ပိုပြီးအရေးကြီးတာက ဒီချုပ်ဥက္ကဋ္ဌ အောက်စ်ဖို့ ကျောင်းထွက် နိုဘယ်ဆုရှင် က ဗိုလ်သိန်းစိန်ကိုယ်စားပြုတဲ့ ကြံ့ဖွံ့စစ်အစိုးရကို အသိအမှတ်ပြုပေးရုံသာမက ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကိုဝင်ပြီး ကြံ့ဖွံ့စစ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သူအဖြစ် ရပ်တည်မှုပြောင်းလဲလိုက်တာ ဖြစ်ပါတယ်။

ကြံ့ဖွံ့စစ်အစိုးရဟာ ၁၀၀၀ ရာခိုင်နှုန်းလောက် သက်မ (ချ/ကျ) ခဲ့ရတယ် ဆိုပါတယ်။ အံ့သြပြီး ငုတ်တုတ်ကျန်ရစ်တာကတော့ PRC တရုတ်ပါပဲ။ တောင်အာရှ နဲ့ ပစိတ်ဖိတ်ဒေသမှာ

မဟာဗျူဟာပြိုင်ဘက်ဖြစ်လာတဲ့ US က သူ့နောက်ဖေးပေါက် ချက်ချင်းရောက်လာတဲ့ ကိစ္စပါပဲ။

၁၉၅၁ ခုနှစ်က US ရွှေတြိဂံအပေါက်က PRC ကို ဝင်တိုက်ဖို့ တရုတ်ဖြူ တစ်သိန်းလောက် ရှမ်းအရှေ့ပိုင်းဝင်ခိုင်းတာဟာ US ပါပဲ။ ဗမာက UN မှာ မပြောရဲဘူး။ အမည်မသိတဲ့ တပ်များ မြန်မာနိုင်ငံထဲ ဝင်ရောက်နေတယ်လို့ ဗမာက ခပ်ဖြီးဖြီးလေး တိုင်ရပါတယ်။

အခုက West World က TNC ပိုင်ရှင်ကြီးများ ဟာ မြန်မာ့အိမ်ဦးခန်း ရောက်နေကြပါပြီ။ ရှေ့မှာ US, မြန်မာ၊ တရုတ် သုံးပွင့်ဆိုင် ဒစ်ပလိုမေစီကို စောင့် ကြည့်ရပါမယ်။ မြန်မာ့နေရှင်ပေါက်စ ပညာတတ်များကလည်း ယူထားပြီးသား ကလေးများ ကြွေးကျေဖို့ မြစ်ဆုံ၊ ကျောက်ဖြူ၊ လက်ပံတောင်း၊ လုပ်ငန်းကြီးများ ရပ်ဆိုင်းဖို့ တောင်းဆိုနေကြပါတယ်။ အရေးအကြီးဆုံးကတော့ မြန်မာ့လူ့အဖွဲ့အစည်းဟာ ဘယ်သူ့ကျွန်ဘယ်သူ့စောင့်ရှောက်ခံနိုင်မှ မဖြစ်ဖို့ ပါပဲ။

အင်္ဂလိပ်ကျွန် ၁၂၂ နှစ်ဖြစ်ခဲ့တာကို မေ့သွားလို့ မဖြစ်ပါဘူး။ တစ်ချို့က အကြောင်းကြောင်းကြောင့် ကျွန်ဖြစ်ခဲ့ရတာကို မေ့ကျန်ပြီ ဆိုရင်တော့ ဒါဟာ နောက်တစ် ကြိမ် ကျွန်ဖြစ်ဖို့ ကြမ္မာငင်နေတာပဲလို့ ဆိုချင်ပါတယ်။

ဒီ က နေ့ ခေ တ် မှာ အမျိုးသားအချုပ်အခြာအာဏာဆိုတာဟာ ကမ္ဘာ့ဘဏ် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ဂျီ ၇၊ ၈၊ ၂၀ အစည်းအဝေး ကြီးများက ခွင့်ပြုတဲ့ ကုန်သွယ်မှုခွဲတမ်းဖြစ်နေတာ ကြာပါပြီ။ အီရတ်၊ အာဖဂန်နစ္စတန် မှာ ဘာဖြစ်နေပါသလဲ။ အာရပ်နွေဦး

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမှာ ကဒါဖီ/လစ်ဗျား၊ မူဘာရက်/အီဂျစ်၊ ဆီးရီးယားက အာဆက်တို့ ဘာဖြစ်သွားကုန်ကြပါသလဲ။

လောလောဆယ် ယူကရိန်းနိုင်ငံ ဘာဖြစ်သွားပါသလဲ။ ယူကရိန်းအစိုးရက ရုရှားဘက်ပါနေလို့ ဖြုတ်ချဖို့ US က ကြံစည်နေတာ ၄ နှစ် ၅ နှစ် ရှိပါပြီ။ ဘီလျံ ၅၀၊ စီအိုင်အေက ဖြန့်ဝေပေးနေတာပါတဲ့ ။ တရုတ်မှာ ထိုင်ဝမ်၊ ဟောင်ကောင်၊ တိဗက်နဲ့ စင်ကျန်းဝေဂါပြည်နယ်၊ ဒလိုင်းလားမား၊ မြောက်ကိုရီးယား စတဲ့ ၂ စသအ များကို US က မွေးထားတာပါ။ ဗမာပြည်မှာ ကော ဒေါ်လာစား ဒီမိုကရက် 'အစုတွေ' ဘယ်လောက်ရှိတယ်ဆိုတာကို ကြံ့ဖွံ့အစိုးရနဲ့ သူ့လုံခြုံရေးတပ်ဖွဲ့များ ထံမှာ စာရင်း ရှိပြီးသားဖြစ်မှာ ပါ။ တစ်ချို့လူတွေ၊ အဖွဲ့အစုတွေ ကွန်ရက်တွေ စတဲ့ လှုပ်လှုပ် ရှားရှားလုပ်နေသူတွေဟာ ဘာတွေလဲဆိုတာကို ကြံ့ဖွံ့လုံခြုံရေးတပ်ဖွဲ့များက မသိစရာမရှိပါဘူး။ ပိုပြီး ရှုပ်သည် ထက်ရှုပ်အောင် လွှတ်ထားမွေးထားတာလည်း ဖြစ်နိုင် စရာရှိပါတယ်။ မြန်မာ့နိုင်ငံရေးဟာ ကွေ့တစ်ကွေ့ရွေ့တော့မှာ ပါလား . . . .။

ကျောင်းသားလှုပ်ရှားမှုများ နဲ့ လူထုလှုပ်ရှားမှုများ ဟာ တစ်သီးတစ်ခြားစီပဲ ဖြစ်သလို တစ်ပေါင်းတစ်စည်းထဲပဲ ဖြစ်ပါတယ်။ အပြန်အလှန် ရိုက်ခတ်မှုများ လည်း ရှိတတ်ပါတယ်။ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုများမှာ အပြန်အလှန် လှုံ့ဆော်ကြ၊ အတူတကွ တိုက်ပွဲဝင်ခဲ့ကြပြီး အသက်ပေးလှူခဲ့ကြတာဖြစ်ပါတယ်။ ကျောင်းသားလှုပ်ရှားမှုကို Popular Uprising လို့ မှတ်ယူကြပါတယ်။ လူထုလှုပ်ရှားမှု ကြီးများကို Basic Uprising လို့ မှတ်ယူကြပါတယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံတို့ ၊ ၈၈ ဒီမိုကရေစီအရေးတော်ပုံတို့ ဆိုတာကို National Uprising လို့

မှတ်ယူခဲ့ကြပါတယ်။ လူထုလူတန်းစားပေါင်းစုံပါဝင်တဲ့ National Uprising တစ်ခုဖြစ်ဖို့ ကတော့ ရင့်ကျက်တဲ့ ခေါင်းဆောင်မှုနဲ့ ကျယ်ပြန့်တဲ့ လူထုထောက်ခံမှု ရရှိရပါမယ်။

၉၊ ဧပြီ၊ ၂၀၁၄ (တွဲ ၁၊ မှတ် ၁၄ အဓိပတိဂျာနယ်)

* * *